ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်၊ သောကြာနေ့ (10-4-2009) (၆၀၀၉)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ စိုက်ပျိုးရေးအထူးဇုန် စပါးများရိတ်သိမ်းမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် လိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စက်မှုလယ်ယာစံပြစိုက်ပျိုးရေးအထူးဇုန်(၁) အကွက်အမှတ်(၁)၌ စိုက်ပျိုးထားသည့် ဆင်းရတနာ အထွက်တိုးမျိုးစပါးများ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေသည်ကို ကြည့်ရှုအားပေးပြီး ရှင်းလင်းဆောင်၌ ပြသထားသည့် ဆင်းရတနာစပါးမျိုး စပါးနှံ၊ စပါးစေ့နှင့် ဆန်နမူနာများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အထူးဇုန်ရှိ ရွှေနဂါးမင်းကုမ္ပဏီလီမိတက်၏ စက်မှုလယ်ယာသို့ ရောက်ရှိပြီး မော်ဘီမွှေးစပါးများ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ရှင်းလင်းဆောင်၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကား ပြောကြားပြီး တိုင်းမှူးက ဖြည့်စွက်တင်ပြသည်။

ယင်းနောက် လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက မိမိတို့ လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လိုအပ်သည်များကို ညှိနှိုင်းပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆားလင်းကြီးနှင့်ယင်းမာပင် ဆက်သွယ်ထား မြောက်ယမားချောင်းကူးတံတား

သတင်းမှတ်စု - မောင်ထိန်လင်း(မုံရွာ-ပြန်/ဆက်)

ရန်ကုန် ဧပြီ ၉

ယနေ့မျက်မှောက်ကာလတွင် စစ်ကိုင်းတိုင်း မုံရွာခရိုင်အတွင်းရှိ မြို့နယ်များသည် နိုင်ငံတော်၏ ဖြည့်ဆည်းဆောင်ရွက်ပေးမှု၊ ဒေသခံပြည်သူများ၏ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဒေသဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရသည်။

မုံရွာခရိုင်အတွင်းရှိ ဆားလင်းကြီးမြို့နယ်နှင့် ယင်းမာပင်မြို့နယ်တို့တွင် စိုက်ပျိုးရေး၊ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာရာတွင် ဆားလင်းကြီးနှင့် ယင်းမာပင်မြို့နယ်များအတွင်းရှိ ဒေသခံပြည်သူများအတွက် တစ်မြို့နှင့် တစ်မြို့ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်အောင် တည်ဆောက်ပေးထားသည့် မြောက်ယမားချောင်းကူးတံတားသည် တစ်ထောင့် တစ်နေရာမှ ပါဝင်အကျိုးပြုလျက်ရှိသည်ကို တွေ့ရပေသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ▲

ကြက်ဥမှထုတ်လုပ်သော မြွေပွေးဆိပ်ဖြေဆေး စမ်းသပ်ကုသ၊ အောင်မြင်မှုရရှိ

ရန်ကုန် ဧပြီ ၉

ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)က မြွေကိုက်သုတေသနလုပ်ငန်းကို လွန်ခဲ့သော နှစ်(၃၀)ကျော်မှစ၍ ရှုထောင့်အမျိုးမျိုးမှ သုတေသနပြုလျက်ရှိရာ ယခုအခါ မြွေပွေးဆိပ်ဖြေဆေးကို ကြက်ဥနှစ်မှ ထုတ်လုပ်သည့် နည်းပညာဖြင့် အောင်မြင်စွာ သုတေသနပြု ဖော်ထုတ်လုပ်ဆောင်နိုင်ခဲ့သည်။ **စာမျက်နှာ ၈ ကော်လံ ၅ သို့** ❖

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)က ကြက်ဥမှ သုတေသနပြု ထုတ်လုပ်သည့် မြွေပွေးဆိပ်ဖြေဆေး ပုလင်း။ (သတင်းစဉ်)

စိုက်မြောင်းတစ်ခုစီအတွင်း ခေါင်နှံ့နှစ်ခုကို အရိုးချင်းဆိုင် ချထားပြီးနောက် မြေဖြင့်မဖုံးမီ တွေ့မြင်ရစဉ်။

ခေါင်နှံ့စနစ် မျိုးသန့်နည်းဖြင့် အထွက်တိုးစပါး စိုက်ပျိုး လယ်ယာကဏ္ဍမျက်နှာစာတွင် အောင်ပွဲသစ်များတိုး

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - အာကာကျော်

စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရန် တောင်သူလယ်သမားအများစုအနေဖြင့် မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များရေရှည် စဉ်ဆက်မပြတ် ကိုယ်တိုင်ထုတ်လုပ်နိုင်သည့် နည်းပညာဖြစ်သော ခေါင်နှံ့စနစ်ဖြင့် စပါးမျိုးသန့်မွေးမြူစိုက်ပျိုးနည်း သရုပ်ပြပွဲကို မြင်းကကုန်းစံပြကျေးရွာ၌ ပြသမည်ဖြစ်ကြောင်း သတင်းကြားသိရသဖြင့် စာရေးသူ အထူးစိတ်ဝင်စားမိပါသည်။

ခေါင်နှံ့စနစ်ဖြင့် စပါးမျိုးကောင်းမျိုးသန့် မွေးမြူစိုက်ပျိုးနည်းပညာဆို၍ ဆန်းနေသည်။ စာရေးသူတို့ သတင်းအဖွဲ့ တစ်ခါမျှ မမြင်ဖူးသေး။ မကြားဖူးသေး။ ခေါင်နှံ့စနစ်ဆို၍ စကားလုံး စိမ်းနေပါသည်။ ရင်းနှီးမှုမရှိပါ။ နည်းပညာသစ်သရုပ်ပြပွဲအား ကိုယ်တိုင်ကိုယ်ကျ လိုက်ပါကြည့်ရှုချင်သည်။ လေ့လာချင်သည်။ ခေါင်နှံ့စနစ်နည်းပညာကို မြန်မာတစ်ပြည်လုံးရှိ တောင်သူလယ်သမားများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေချင်သည်။ နည်းပညာရရှိစေချင်သည်။ သို့မှသာ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှု **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

ကြေးမုံ The Mirror
၁၀-၄-၂၀၀၉
(သောကြာနေ့)

ဒေသအေးချမ်းတည်ငြိမ်ရေး ထာဝရရှေးရှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လက်တွဲကြိုးပမ်း

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုသည် တည်ငြိမ်အေးချမ်းမှုရှိသည်နှင့်အမျှ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝ မြင့်မားရေးတို့အတွက် အစွမ်းကုန် ကြိုးပမ်းဖြည့်ဆည်း ဖော်ဆောင်ပေးနိုင်သည်ကို တွေ့ရသည်။

နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံကို တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုဖြင့် တည်ဆောက်လျက်ရှိသည်။ ချစ်ကြည်ရင်းနှီးခြင်း၊ စည်းလုံးညီညွတ်ခြင်း အနှစ်သာရများ ခိုင်ကျည်မြဲမြံနေသည့် တိုင်းရင်းသားအားလုံး၏ စွမ်းအားဖြင့် တည်ဆောက်နေခြင်းဖြစ်သည်။ ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းသာယာရေးအတွက်အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အလေးထား ဖော်ဆောင်ရာတွင် လက်နက်ကိုင် ဆန့်ကျင်ဘက် အဖွဲ့အစည်းများအား တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာစေရန် အစဉ်တစိုက် ဖိတ်ခေါ် ကမ်းလှမ်း ကြိုဆိုလျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ စိတ်ရင်းစေတနာကောင်းဖြင့် ဖိတ်ခေါ်ကြိုဆိုမှုများကြောင့် တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ပြီးသော တိုင်းရင်းသားအဖွဲ့အစည်းများရှိရာ ဒေသများသည် အထူးဒေသများအဖြစ် နေ့ချင်းညချင်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ငြိမ်းချမ်းရေးရယူလာသူ မိသားစုများအပါအဝင် ဒေသခံပြည်သူများသည် ဒေသတည်ငြိမ်အေးချမ်းလာမှုနှင့်အတူ ငြိမ်းချမ်းရေး၏ အသီးအပွင့်၊ ဖွံ့ဖြိုးတိုးတက်မှု၏ ရလဒ်ကောင်းများကို ရရှိခံစားနေကြရပြီဖြစ်သည်။

ယင်းသို့ နိုင်ငံတော်အစိုးရ၏ မေတ္တာစေတနာ၊ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်တို့၏ နွေးထွေးသော စောင့်ရှောက်ပေးမှုများကို သိမြင်လာသော KNUသောင်းကျန်းသူအဖွဲ့မှ ကွယ်လွန်သူ KNU/KNLAဥက္ကဋ္ဌဟောင်း စောဘိုမြ၏သား ဗိုလ်ကြီးအဆင့်ရှိ စောနေစိုးမြ ဦးစီးအင်အား ၇၃ ဦး၊ မှီခိုသူမိသားစုဝင် ၈၈ ဦး၊ စုစုပေါင်းအင်အား ၁၆၁ ဦးတို့သည် လက်နက်မျိုးစုံ ၂၄ လက်၊ ခဲယမ်းမီးကျောက် ဆက်စပ်ပစ္စည်းများနှင့်အတူ KNU/ KNLA ငြိမ်းချမ်းရေးကောင်စီရှိရာ ထို့ကော်ကိုးကျေးရွာသို့ မတ်လ ၃၀ ရက်နေ့က လာရောက်ပူးပေါင်းခဲ့ကြသည်။

ထို့ကော်ကိုးကျေးရွာသို့ ရောက်ရှိလာသော စောနေစိုးမြနှင့် အဖွဲ့ဝင်များအား နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့က ဝမ်းပန်းတသာ လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြသည်။ တာဝန်ရှိသူများက စောနေစိုးမြအဖွဲ့နှင့် မှီခိုသူမိသားစုဝင်များအတွက် အသုံးအဆောင်ပစ္စည်းများ၊ ရိက္ခာနှင့် မီးဖိုချောင်သုံး ပစ္စည်းများ၊ အဝတ်အထည်များနှင့် မိသားစုတစ်စုချင်း အလိုက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် နိုင်ငံတော်အစိုးရ အစီအစဉ်ဖြင့် နေအိမ်များဆောက်လုပ်နေရာချထားပေးခြင်း၊ စိုက်ပျိုးလုပ်ကိုင်စားသောက်ရန် မြေနေရာများ သတ်မှတ်ပေးခြင်း၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိစေရေး စီမံပေးခြင်း၊ ကျန်းမာရေးနှင့် ပညာရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းတို့ကို ဆက်လက်ပံ့ပိုး ပေးသွားမည်ဖြစ်သည်။

ယခုကဲ့သို့ စောနေစိုးမြနှင့်အဖွဲ့ဝင်မိသားစုများသည် ဒေသအေးချမ်းတည်ငြိမ်ရေးကို ထာဝရရှေးရှုပြီး နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် KNU/KNLA ငြိမ်းချမ်းရေးကောင်စီနှင့် ပူးပေါင်းလက်တွဲ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် နယ်မြေဒေသတစ်ခုလုံး အေးချမ်းတည်ငြိမ်မှုနှင့်အတူ ပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုမြင့်မားလာမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးအောင်သောင်း လုပ်ငန်းဆိုင်ရာပညာပေးသင်တန်းဆင်းပွဲများ တက်ရောက်မှာကြား

နေပြည်တော် ဧပြီ ၉

အမှတ်(၁) စက်မှုဝန်ကြီးဌာန Industry Reporting System Software အသုံးပြုနည်းသင်တန်း အမှတ်စဉ်(၁/၂၀၀၉) နှင့် လုပ်ငန်းဆိုင်ရာ ပညာပေးသင်တန်း အမှတ်စဉ်(၁/၂၀၀၉) သင်တန်းများဆင်းပွဲ အခမ်းအနားကို ဧပြီ ၇ ရက် နံနက် ၇ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ယင်းနောက် ဝန်ကြီး ဦးအောင်သောင်းက Industry Reporting System Software အသုံးပြုနည်းသင်တန်း အမှတ်စဉ်(၁/၂၀၀၉)၌ သင်တန်းထူးချွန်ဆု ရရှိကြသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားခေါင်းဆောင်တစ်ဦးအားလည်းကောင်း၊ လုပ်ငန်းဆိုင်ရာ ပညာပေးသင်တန်း အမှတ်စဉ်(၁/၂၀၀၉) နေပြည်တော်သင်တန်း၌ သင်တန်းထူးချွန်ဆု ရရှိကြသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားခေါင်းဆောင်တစ်ဦးအားလည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အရာထမ်းလောင်း အခြေခံသင်တန်း အမှတ်စဉ်(၄)တွင် ဆုရရှိကြသူများအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၈၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါတ်ပတ် ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများ ပြည်ထဲရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၉

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေသည် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၃ ရက် နံနက်ပိုင်းတွင် မောင်တောမြို့နယ် လောင်းဒုံကျေးရွာရှိ လောင်းဒုံ-ငါးခူရ လမ်းအခြေအနေနှင့် နွေစပါးနှင့်ပဲစိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှု အခြေအနေကိုလည်းကောင်း **(အပေါ်ပုံ)**၊ ငါးခူရကျေးရွာအခြေခံပညာအထက်တန်းကျောင်းနှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုနှင့် ကျောင်းဆောင်များ အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ငါးခူရနှင့် ကြိမ်ချောင်းကျေးရွာတို့ရှိ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုဌာနချုပ် နယ်မြေခံစခန်းတို့၌ ပတ်ဝန်းကျင်ကျေးရွာများမှ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၄ ရက် နံနက် ၈ နာရီတွင် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ယင်းနောက် ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်အတွင်းရှိ ကျေးရွာများ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကုမ္ပဏီ၂၄ ခုမှ စုပေါင်းလှူဒါန်းသည့် ဘူးသီးတောင်မြို့နယ်အတွက် ငွေကျပ် ၁၀၇၀ ဒသမ၅ သိန်းနှင့် ရသေ့တောင်မြို့နယ်အတွက် ငွေကျပ်၁၄၁ သိန်းတန်ဖိုးရှိ အလှူငွေနှင့် ဆေးဝါးပစ္စည်းများကို အလှူရှင် များက အသီးသီးပေးအပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဧပြီ ၉

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စီမံကိန်းညွှန်ကြားရေးမှူး ဦးတင်အေးနှင့်အဖွဲ့သည် ရန်ကုန်တိုင်း ညွှန်ကြားရေးမှူး ဦးဝင်းမြင့်နှင့်အတူ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စီမံကိန်းဧရိယာတွင် ပါဝင်သည့် မြို့နယ်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စီမံကိန်း ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အပြီးသတ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မတ် ၂၁ ရက်ကကျင်းပသည်။

အဆိုပါလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပုဂ္ဂလိကကျွန်းနှင့် သစ်မာစိုက်ခင်းများကို အထူးအလေးပေးဆောင်ရွက်ရန်နှင့် သဘာဝတော ထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း ကြိုးဝိုင်းအလိုက်၊ အကွက်အလိုက် သတ်သတ်မှတ်မှတ် ဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြသည်။ (၅၂၆)

မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြော

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး၏မှာကြားမှု၊အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၏ကြီးကြပ်မှုတို့ဖြင့် မရမ်းကုန်းမြို့နယ် (၈) ရပ်ကွက်နယ်မြေအား Crime Free Zone အဖြစ် သတ်မှတ်၍ ဧပြီ ၁ ရက်မှ ၁၅ ရက်အထိ မှုခင်းကြိုတင်ကာကွယ်ရေး၊ မှုခင်းကျဆင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ဝင်း၊ မရမ်းကုန်း ရဲစခန်းမှူး ရဲအုပ်နိုင်ဝင်းတို့သည် (၈)ရပ်ကွက် ရေကူးဘူတာရုံလမ်းရှိ လောကသစ္စာမွေရုံ၌ ဧပြီ ၆ ရက်က မှုခင်းကျဆင်းရေး၊ မှုခင်းကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအသိပညာပေးဟောပြောခြင်း၊လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေး၊ လူမှောင်ခို၊ လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ကြသည်။ **(အောက်ပုံ)** (ကြေးမုံ)

ပိန်းဇလုပ်ဆေးရုံအတွက် ဆေးပဒေသာပင်နှင့်အလှူငွေ လှူဒါန်း

ရန်ကုန် ဧပြီ ၉

ညောင်လေးပင်မြို့နယ် ပိန်းဇလုပ် ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင်နှင့် ဆေးရုံအုတ်တံတိုင်း ကာရံနိုင်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၇ ရက် နံနက်ပိုင်းက ပိန်းဇလုပ်မြို့ စိန်ဆေးလိပ်ခုံ၌ ကျင်းပသည်။ လှူဒါန်းပွဲသို့ ပိန်းဇလုပ် ကျေးရွာအုပ်စုမှ အဖွဲ့ဝင် ဦးမင်းဇော်ထွန်း၊ ဒေါက်တာ သင်းသင်းအိ၊ ဆေးရုံ ကြီးကြပ်ရေးကော်မတီမှ ဦးရိန်ထွန်းနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးသိန်းညွန့်တို့ တက်ရောက်ကြသည်။ ထို့နောက် ကွယ်လွန်သူဆရာဦးတင်အောင် (အထပြ-ငြိမ်း)အားရည်စူး၍ ဆေးရုံ ငွေပဒေသာပင် ငွေကျပ် ၁၀သိန်းနှင့် ဆေးရုံဝန်းခြံအုတ်တံတိုင်း ကာရံနိုင်ရေးအတွက် အလှူငွေကျပ် ၅၆၂၅၀၀ ကို အလှူရှင် စိန်ဆေးလိပ်ခုံမိသားစုက ပေးအပ်လှူဒါန်းကြရာ ဒေါက်တာ သင်းသင်းအိက လက်ခံရယူကြောင်း သိရသည်။ **(အပေါ်ပုံ)** (၄၅၂)

မှာကြားချက်များ လိုက်နာဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေး

ရန်ကုန် ဧပြီ ၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်များ လိုက်နာဆောင်ရွက်ရေး ဆွေးနွေးပွဲကို ဧပြီ ၆ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (နေပြည်တော်) ညွှန်ကြားရေးမှူး ဦးသန်းထွန်းက ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးဆွေးနွေး မှာကြားသည်။ ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းက တိုင်းအတွင်း ဝန်ကြီး၏ မှာကြားချက်များကို အလေးထား၍ လုပ်ငန်းများဆောင်ရွက်နေမှုကို တင်ပြပြီး ခရိုင်နှင့်မြို့နယ်၊ မြို့နယ်ခွဲ ဦးစီးမှူးများ၏ လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။ (ခရိုင်ပြန်/ဆက်)

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆွေးနွေး

ရန်ကုန် ဧပြီ ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး(အထူး)အဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် လားရှိုးခရိုင် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဆွေးနွေးပွဲကို မတ်၂ရက်က လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးခန်းမ၌ ကျင်းပသည်။ ဆွေးနွေးပွဲတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းမိုးနှင့် အဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသုတ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး(အထူး) အဖွဲ့၊ လားရှိုး တာဝန်ခံ ရဲအုပ်မင်းခိုင်တို့က ပူးပေါင်းပါဝင်ဆွေးနွေးကြသည်။ (၅၃၃)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် မေ ၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်အား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(သတင်းစဉ်)

မျက်စိအထူးကု ဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသပေးပြီး မျက်မှန်များ တပ်ဆင်ပေးကာ ဆောင်ရန် ရှောင်ရန်တို့ကို မှာကြားစဉ်။ (သတင်းစဉ်)

မျက်စိအထူးကုဆရာဝန်ကြီးများ လေးမျက်နှာမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသပေးစဉ်။

(သတင်းစဉ်)

လေးမျက်နှာမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ ကွင်းဆင်း ခွဲစိတ်ကုသ

ရန်ကုန် မေ ၉

ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုရေးအသင်းအဖွဲ့များနှင့် အောင်ဆန်းဆရာတော်ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အမှူးပြုသော လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဧရာဝတီတိုင်း ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသမှုအစီအစဉ်ကို မေ ၃ ရက်မှ ၆ ရက်အထိ လေးမျက်နှာမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

အဆိုပါခရီးစဉ်တွင် မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာကံညွန့်(ငြိမ်း) ဦးဆောင်၍ ဒေါက်တာဒေါ်ခင်ဆန်းနွယ်လိုက်ပါလျက် ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်များဖြစ်ကြသော ဒေါက်တာနီလာသိန်း၊ ဒေါက်တာသိန်းဇော်၊ ဒေါက်တာစန္ဒာမြင့်၊ ဒေါက်တာနုနုယဉ်၊ ဒေါက်တာအေးမြတ်ဦး၊ ဒေါက်တာသိန်းထွဋ်၊ ဒေါက်တာကျော်စွာဝင်း၊ ဒေါက်တာထွေးသန္တာရီ၊ ဒေါက်တာနှင်းပွင့်ဖြူ၊ ဒေါက်တာဇေဇီကျော်၊ ဒေါက်တာမေကိုကိုသက်၊ ဒေါက်တာရွှေဝါအေး၊ ဒေါက်တာဝေနွယ်ဝင်းနှင့်အတူ သူနာပြုဆရာမရှစ်ဦး၊ ALCON ကုမ္ပဏီမှ အင်ဂျင်နီယာ ဦးဗိုလ်မင်းတို့လိုက်ပါကြပြီး ခွဲစိတ်ကုသမှုလုပ်ငန်းများကို ဟင်္သာတမြို့နယ် ဆေးရုံမှ မျက်စိအထူးကုဆရာဝန် ဒေါက်တာသန့်စင်က ပံ့ပိုးကူညီပေးခဲ့သည်။

မျက်စိအထူးကုအဖွဲ့သည် လေးမျက်နှာမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ မျက်စိဝေဒနာရှင်များအပြင် ကျောင်းကုန်း၊ ရေကြည်၊ အသုတ်၊ အင်္ဂပူ၊ ငါးသိုင်းချောင်း၊ ဟင်္သာတ၊ ကျုံပျော်၊ ဂွမြို့နယ်တို့မှ မျက်စိဝေဒနာရှင်ပေါင်း ၄၆၁၁ ဦးအား အခမဲ့စမ်းသပ်ကုသပေးခဲ့ကြပြီး အတွင်းတိမ်လူနာ ၅၅၁ ဦးအား အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့ကြသည်။

ယင်းအထူးကုအဖွဲ့အား မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇောလှနှင့် တာဝန်ရှိသူများ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိန်းမြင့်၊ လေးမျက်နှာပြည်သူ့ဆေးရုံ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကိုကိုလေးနှင့် ဆေးရုံဝန်ထမ်းများ၊ လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးခင်ချို့နှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် NGO အဖွဲ့ဝင်များက အဘက်ဘက်မှ လိုအပ်သည်များ ပံ့ပိုးကူညီခဲ့ကြသည်။

ယခုခရီးစဉ်အတွက် လိုအပ်သော မျက်စဉ်းဆေးဝါးများနှင့် ကုန်ကျစရိတ် အဝဝကို လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)မှ လှူဒါန်းခဲ့ပြီး ဆေးကုမ္ပဏီများဖြစ်ကြသော 'စန္ဒာမြိုင်ကုမ္ပဏီ'၊ ALCON ကုမ္ပဏီတို့မှလည်း ဆေးဝါးပစ္စည်းများ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရတနာပုံ F.C ဘောလုံးအသင်းတွင် ပါဝင်ကစားမည့် ပြည်ပကစားသမားငါးဦး ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် မေ ၉

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင် မန္တလေးတိုင်း ကိုယ်စားပြု ရတနာပုံ F.C ဘောလုံးအသင်းတွင် ပါဝင်ကစားကြမည့် ပြည်ပကစားသမား ငါးဦးသည် ယမန်နေ့ညနေ ၆ နာရီ ၁၀ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြသည်။

အဆိုပါ ပြည်ပကစားသမားများအား ရတနာပုံ F.C အသင်း၏ မိခင်ကုမ္ပဏီဖြစ်သော လွယ်ဟိန်းကုမ္ပဏီ (Alpine)မှ ဒါရိုက်တာ ဦးဟန်မင်းထွန်း၊ ရတနာပုံ F.C အသင်း၏ ပြင်သစ်လူမျိုးနည်းပြနှင့် ရတနာပုံ F.C ဘောလုံးအသင်း တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရတနာပုံ F.C တွင် ပါဝင်မည့် ပြည်ပကစားသမားများမှာ အိုင်ဗရီကို့စ်နိုင်ငံသား သုံးဦးနှင့် ဆီနီဂေါ နိုင်ငံသားနှစ်ဦးတို့ ဖြစ်ကြပြီး ရှေ့တန်းကစားသမားတစ်ဦး၊ ကွင်းလယ် ကစားသမားနှစ်ဦးနှင့် နောက်တန်း ကစားသမားနှစ်ဦးတို့ ဖြစ်ကြသည်။

အဆိုပါ ပြည်ပကစားသမားများသည် သက်ဆိုင်ရာနိုင်ငံများ၏ ဒေသဆိုင်ရာ လိဂ်ပြိုင်ပွဲများတွင် ပါဝင်ကစားနေကြသူများဖြစ်ကြပြီး ရတနာပုံ F.C အသင်း၏ ပြင်သစ်လူမျိုးနည်းပြမှတစ်ဆင့် ဆက်သွယ်လေ့လာ၍ ခြေစွမ်း အဆင့်မြင့်သူများဖြစ်သောကြောင့် ခေါ်ယူလိုက်ခြင်းဖြစ်ကြောင်း သိရှိရပြီး ရတနာပုံ F.Cတွင် ယခုအခါ ကစားသမား ၁၉ ဦး ခေါ်ယူထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

▲ ရှေ့ဖုံးမှ

အဆိုပါတံတားကို ၂၀၀၄ ခုနှစ်က တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး မြောက်ယမားချောင်း၏တစ်ဖက်ကမ်း ဆားလင်းကြီးမြို့နယ် ဂုံတောကျေးရွာနှင့် ယင်းမာပင်မြို့နယ် တစ်ဖက်ကမ်း အောင်ချမ်းသာကျေးရွာတို့ကို ပေါင်းကူးဆက်သွယ်ပေးထားသည်။ တစ်လွှာတစ်ထပ်သစ်သားသံမဏိကြိုးဆိုင်း ဘေလီတံတားဖြစ်သည်။ ခွင့်ပြုအလေးချိန် တန် ၃၀ ဖြစ်ပြီး ကားတစ်စီးချင်း ဖြတ်သန်းမောင်းနှင်နိုင်သည်။

တံတား တည်ဆောက်ပေးထားသောကြောင့် ဆားလင်းကြီးနှင့် ယင်းမာပင်ဒေသခံပြည်သူများ ကူးလူးဆက်သွယ်ချစ်ကြိုးသွယ်နိုင်ကြပြီး ကုန်စည်ကူးသန်းမှု၊ သွားလာဆက်သွယ်မှု လွယ်ကူချောမွေ့လာသောကြောင့် ကျေနပ်ဝမ်းမြောက်ဖြစ်မိကြကြောင်း ရေးသားတင်ပြလိုက်ပါသည်။

သတိ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

ဆင္ဍမအကြိမ် ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ကျင်းပမည်

ရန်ကုန် မေ ၉

ဆင္ဍမအကြိမ်ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ဖြစ်မြောက်ရေးကော်မတီ(ရန်ကုန်)က ကြီးမှူးကျင်းပသော ၂၀၀၉ခုနှစ် ဆင္ဍမအကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော် (ရန်ကုန်)ကို ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူယာဉ်မောင်းသင်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

မေ ၁၂ ရက်(တနင်္လာနေ့)ညနေ ၃ နာရီတွင် နံ့သာသွေးပွဲနှင့် ရိုးရာအက၊ တေးဂီတအစီအစဉ်များကိုလည်းကောင်း၊ မေ ၁၃ ရက်(တနင်္လာနေ့) နံနက် ၈နာရီတွင် သင်္ကြန်ဖွင့်ပွဲကိုလည်းကောင်း၊ မေ ၁၄ ရက်(အင်္ဂါနေ့)မှ ၁၆ရက်(ကြာသပတေးနေ့)အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရခိုင်ရိုးရာရေကစားပွဲတော်နှင့် အဆိုအကဖျော်ဖြေမှုများ၊ ရခိုင်ရိုးရာသင်္ကြန်ပိတ်ပွဲတို့ကိုလည်းကောင်း ကျင်းပမည်ဖြစ်သည်။

ရခိုင်မြို့နယ်အသင်းများနှင့် ရခိုင်လူမှုရေးအသင်းများ ကိုယ်စားပြုသော လှေလောင်းကြီးများနှင့် ရေလောင်းမည့် မဏ္ဍပ်ပေါင်း ၁၂ ခုထက်မနည်း ပါဝင်ဆင်နွှဲကြမည်ဖြစ်ကာ ရခိုင်ရိုးရာ အစားအသောက်ဆိုင်များ၊ ရခိုင်သင်္ကြန် အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ ရောင်းချမည်ဖြစ်သည်။

(သတင်းစဉ်)

သတိ

၁။ လေပေါင်(၁၀၀)မှ(၁၅၀)အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် (၀၇၀၀) နာရီမှ (၁၈၀၀)နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် (၁၈၀၀)နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အားဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

သတိ

သင်္ကြန်ကာလအတွင်း အရက်/ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ ရေကစား မဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းများ မပြုလုပ်ရန် တားမြစ်သည်။

ရန်ကုန်တိုင်း မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

ကျန်းမာစေအံ့ သန့်လေးသန့်

❑ အိမ်သာမသန့် ရေမသန့်
လက်လည်းမသန့် အစာမသန့်
ပျံ့နှံ့ရောဂါ ကူးစက်မှာ။

❑ တစ်ရက်နှစ်ရက် စဉ်ရက်ဆက်
တစ်သက်တာတွေး ကျန်းမာရေး
မနှေးသုံးပါ သန့်အိမ်သာ။

❑ ကြည်လင်သန့်ရှင်း အမှိုက်ကင်း
ပိုးမွှားကင်းစင် ရေသန့်လျှင်
မြဲပင်မုချ ကျန်းမာကြ။

❑ လက်ကိုသန့်ရှင်း ဆေးကြောခြင်း
ကင်းပရောဂါ လွန်ကျန်းမာ
လိုက်နာကြစို့ လက်သန့်ဖို့။

❑ အစားအစာ မသန့်ပါလျှင်
ရောဂါစိုင်ခဲ ဖြစ်မလွဲမို့
စဉ်မြဲလိုက်နာ သန့်ဖို့ရာ
ကျန်းမာစေမူ သတိပြု။

❑ အိမ်သာသန့်သန့် ရေသန့်သန့်
လက်လည်းသန့်သန့် အစာလည်းသန့်
ရှင်းသန့်ရောဂါ ကင်းစင်ကွာ
ကျန်းမာ ချမ်းသာ ကိုယ်စိတ်နှစ်ဖြာ။ ။

ဒေါက်တာသန်းဦး

စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ရန်ကုန် မေ ၉

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက စာပေဗိဗာန်စာမူဆု သုတပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံ) ပထမဆုရ နိုင်ရွှေမိုးရေးသားသည့် "မြန်မာ့ရေအရင်းမြစ်" စာအုပ်ကို စာအုပ်အသင်း၏ (၄၆)အုပ်မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန် စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်းအမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၈၁၄၄၈၊ ၂၄၉၀၃၁ တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အာကာသလေ့လာရေးတွင် ဆက်လက်အသုံးပြုသွားမည့် အော်ရီယွန် အာကာသလွန်းပြန်ယာဉ်ကို အမေရိကန်နိုင်ငံ ကိတ်ကာနီဗယ်တွင် ဧပြီ ၈ ရက်က စမ်းသပ်မှုများ ပြုလုပ်စဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်၌ ဒတ်ချ်တပ်ဖွဲ့ဝင် သေဆုံး

ဘရပ်ဆဲလ် ဧပြီ ၉

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဥရုဇဂန်ပြည်နယ်တွင် ဧပြီ ၆ ရက်က ဒတ်ချ်စစ်စခန်းအား ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကြောင့် ဒတ်ချ်တပ်ဖွဲ့ဝင် တစ်ဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိကြောင်း အင်္ဂါနေ့တွင် ဒတ်ချ်နေ့စဉ်သတင်းစာက ဖော်ပြသည်။

၂၀၀၆ ခုနှစ်က အာဖဂန်နစ္စတန် တောင်ပိုင်းတွင် ဒတ်ချ်တပ်ဖွဲ့ဝင်များ တပ်ဖြန့်ချထားချိန်မှစ၍ သေဆုံးသူ၁၉ ဦးထိ ဖြစ်လာခဲ့သည်။ ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၅ မိနစ်တွင် တာလီဘန်စစ်သွေးကြွများက ဟော်လန်စစ်စခန်းအား ဒုံးကျည်လေးစင်းဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဒတ်ချ်ကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြသည်။

အင်တာနက်။

ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲ၊ ၂၀ သေဆုံး

ဘဂ္ဂဒက် ဧပြီ ၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် ဧပြီ ၆ ရက် နံနက်ပိုင်းက ကားဗုံးလေးလုံး ပေါက်ကွဲသဖြင့် လူ ၂၀ သေဆုံးပြီး အများအပြား ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့ဆဒါစီးတီး၏ လူစည်ကားရာ နာမည်ကျော် ဈေးတစ်ဈေးတွင် ဗုံးပေါက်ကွဲရာ အနည်းဆုံး ၁၀ဦး သေဆုံးပြီး ၂၈ ဦး ဒဏ်ရာရရှိသည်။

ပေါက်ကွဲ

ဘဂ္ဂဒက်မြို့လယ် လူရှုပ်ထွေးသော လမ်းတစ်လမ်းအတွင်း၌ အလုပ်လုပ်ရန် တန်းစီနေသော အလုပ်သမားများအနီးတွင်ဒုတိယမြောက်ဗုံးပေါက်ကွဲရာ ခြောက်ဦးသေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိသည်။

တတိယမြောက်ဗုံးမှာ ဘဂ္ဂဒက်မြို့ မြောက်ပိုင်း မြို့စွန်ရပ်ကွက် ဟူစီးနီးယားရှိ ဈေးတစ်ဈေးတွင် ပေါက်ကွဲခဲ့သည်။ ကျန်တစ်လုံးမှာ ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦး၏ မော်တော်ယာဉ်တန်းကို ပစ်မှတ်ထားဟန်ရှိသော်လည်း လွဲချော်ပြီးအနီးရှိ လူနှစ်ဦးကို ထိမှန်သဖြင့် သေဆုံးခဲ့ရသည်။

အီရတ်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများ လျော့ကျသွားသည်ဆိုသော်လည်း စစ်သွေးကြွများသည် ဗုံးခွဲတိုက်ခိုက်မှုများကို လုပ်ဆောင်လျက်ရှိနေဆဲဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲ၊ ကိုးဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် အီရတ်တပ်ဖွဲ့ဝင်များက လုံခြုံရေးတင်းကျပ်စွာ ဆောင်ရွက်နေသော်လည်း ဗုံးပေါက်ကွဲမှုများ အဆက်မပြတ် ဖြစ်ပွားလျက်ရှိကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်များလည်း တစ်စတစ်စ ဆုတ်ခွာလျက်ရှိကြောင်း၊ ထိုသို့ ဖြစ်ပြီးနောက်တွင် ဘဂ္ဂဒက်ရှိ ရှီးယိုက်များ နေထိုင်ရာ အနီးဒေသတွင် ဧပြီ ၈ ရက်က ကားဗုံးပေါက်ကွဲရာ အနည်းဆုံး ကိုးဦးသေဆုံးပြီး ၁၈ ဦး ဒဏ်ရာရရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ထိုစဉ်အတွင်း ပြည်ထဲရေးဝန်ကြီးဌာနကလည်း ကားဗုံးပေါက်ကွဲမှုများ ပိုမိုဖြစ်ပွားလာနိုင်ကြောင်း၊ ကာကွယ်ရေးလုပ်ငန်းများကိုလည်း စီမံချက်ချမှတ်၍လုပ်ဆောင်နေကြောင်း၊ ထို့အပြင် ဖြစ်နိုင်ချေရှိသည်များကို သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သတင်းတွင် ဖော်ပြသည်။

ဧပြီ ၈ ရက် မွန်းတည့်ချိန်က ရှီးယိုက်များ နေထိုင်ရာ ကာဇီမီရတ်ဒေသရှိ စီးပွားရေးအချက်အချာကျရာလမ်းတွင် ရပ်တန့်ထားသော ကားအတွင်းမှနေ၍ အဆိုပါပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်သည်။ အသေးစိတ်အခြေအနေကို တာဝန်ရှိပုဂ္ဂိုလ်များက ခိုင်မာစွာ ပြောကြားနိုင်ခြင်းမရှိဟု သိရသည်။

အင်တာနက်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးကွဲမှု ဖြစ်ပွားသွားသော နေရာကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မနီလာတွင် စက်ရုံပေါက်ကွဲမီးလောင်၊ ၁၂ ဦး သေဆုံး

မနီလာ ဧပြီ ၉

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်မြောက်ပိုင်းတွင် ဧပြီ ၈ရက်က စက်ရုံတစ်ရုံ၌ ပေါက်ကွဲပြီး မီးလောင်မှုဖြစ်ပွားရာ အလုပ်သမား ၁၂ ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိသွားသည်။

ပျောက်ဆုံးနေသော အလုပ်သမားတစ်ဦးကို ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်သမားများနှင့် ကယ်ဆယ်ရေးလုပ်သားများက အပျက်အစီးများအတွင်း ရှာဖွေလျက်ရှိသည်။ စက်ရုံရှိရေနွေးငွေ့သုံး ဘွိုင်လာအိုးပေါက်ကွဲသဖြင့် မီးလောင်ကာ စက်ရုံပြိုကျရခြင်းဖြစ်ကြောင်း စင်တာမာရီယာမြို့ ဘေးအန္တရာယ် ညှိနှိုင်းကယ်ဆယ်ရေးဌာနမှ တိုနီမတ်ကီရိုက ပြောကြားသည်။

မီးလောင်ပျက်စီးသွားသော စက်ရုံမှာ စတာရိုဖုံးထုပ်ပိုးပစ္စည်းများ ထုတ်လုပ်သော စက်ရုံဖြစ်သည်။ ပေါက်ကွဲမှုမှာပြင်းထန်သည့်အတွက် စက်ရုံထက်ဝက်ပြိုကျသွားပြီး အပျက်အစီးအပိုင်းအစများမှာ စက်ရုံဝင်းကိုကျော်လွန်ကာ လမ်းတစ်ဖက်ရှိကျောင်း အမိုးပေါ်သို့ပင် လွင့်စဉ်ကျရောက်ခဲ့ကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ ဘာဆာရာတွင် ဗုံးကွဲမှု ဖြစ်ပွားသွားပြီးနောက် ဒဏ်ရာရသူ တစ်ဦးအား ပြုစုနေကြသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်အနောက်ဘက်ဒေသ၌ ရေကြီးမှုဖြစ်ပွား

ဟီရတ် ဧပြီ ၉

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ဘက် ဟီရတ်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှုဖြစ်ပွားရာ အိမ်ခြေ ၃၀၀ ကျော် ပျက်စီးခဲ့ပြီး လူအများအပြား အိုးအိမ်စွန့် ထွက်ပြေးခဲ့ရကြောင်း တနင်္လာနေ့တွင် ပြည်နယ်တာဝန်ရှိသူများက ပြောကြားသည်။

ကို့ဆန်၊ ဂယ်ရန်၊ အင်ဂျယ်နှင့် ဂူဇရာခရိုင်တို့ရှိ ပြည်သူများ ရေဘေးဒုက္ခနှင့် ကြုံတွေ့ခဲ့ရပြီး စိုက်ပျိုးမြေဟက်တာ ရာပေါင်းများစွာ ပျက်စီးခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

အင်တာနက်။

နိုင်ငံတကာသတင်းမှတ်စု

ကမ္ဘာ့အသက်အကြီးဆုံးအဘွားအို မွေးနေ့ပွဲပြုလုပ်

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့လယ်ရှိ အနောက်ပိုင်း ကွန်ဗာလက်စ်ဆင့်ဆေးရုံ၌ ဧပြီ ၆ ရက်က ကမ္ဘာ့အသက်ကြီးဆုံးအဘွားအို၏ ၁၁၅ နှစ်မြောက် မွေးနေ့ပွဲကျင်းပခဲ့သည်။

သမ္မတဘားရတ်အိုဘားမား ထံမှ တေးသီချင်း၊ ကိတ်မုန့်၊ စာတစ်စောင်နှင့်အတူ ကမ္ဘာ့အသက်ကြီးဆုံးလူသားအဖြစ် ကမ္ဘာ့မှတ်တမ်းများ ဂင်းန်နစ်အဖွဲ့၏ ကြေညာချက်တစ်စောင်ကို အသက်ကြီးဆုံးအဘွားအို ဂါထရူဒီဘိုင်နက်က လက်ခံရရှိခဲ့သည်။

ကူရယ်ကျွန်းစုကမ်းလွန်၌ အင်အားပြင်းငလျင်လှုပ်

ကူရယ်ကျွန်းစု ကူရယ်လက်ကမ်းလွန် အရှေ့မြောက်ဘက် ၂၉၃ ကီလိုမီတာခန့်အကွာရှိ ရုရှားနိုင်ငံ ပစိဖိတ်ကမ်းရိုးတန်း ကမ်းလွန်၌ ဧပြီ ၇ ရက်က ရစ်ချ်တာစကေး ၇ ဒသမ ၀ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်သွားကြောင်း အမေရိကန်ဘူမိဗေဒ တိုင်းတာရေးအဖွဲ့က ဖော်ပြသည်။ အဆိုပါ ငလျင်သည် ကမ္ဘာ့စံတော်ချိန် ၀၄၂၄ နာရီက ပင်လယ်ပြင်အောက် ၃၈ ကီလိုမီတာအနက်၌ လှုပ်သွားကြောင်း ၎င်းအဖွဲ့က ပြောကြားသည်။

တရုတ်နိုင်ငံသို့ ခရီးစဉ် တိုးချဲ့ပြေးဆွဲမည့် အင်ဂိုလာလေကြောင်းလိုင်းမှ လေယာဉ်များကို ဧပြီ ၈ ရက်က တွေ့ရစဉ်။

အင်ဂိုလာလေကြောင်းခရီးစဉ်များ တရုတ်သို့ တိုးချဲ့ပျံသန်း

အင်ဂိုလာနိုင်ငံ လေကြောင်းလိုင်း တီအေအေဂျီက ယခုသီတင်းပတ်၌ ရက်သတ္တတစ်ပတ်လျှင် နှစ်ကြိမ်မှသုံးကြိမ်ထိ တရုတ်နိုင်ငံသို့ တိုက်ရိုက်ခရီးစဉ်များ တိုးချဲ့မည်ဖြစ်ကြောင်း တာဝန်ရှိသူများက အင်္ဂါနေ့တွင် ပြောကြားသည်။

ယင်းလေယာဉ်ခရီးစဉ်များကို အင်ဂိုလာမြို့တော် လူအင်ဒါမှ ဒေသစံတော်ချိန် နံနက် ၆ နာရီ၌ထွက်ခွာပြီး အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့တို့တွင် ပေကျင်းမြို့သို့ ပျံသန်းမည်ဖြစ်ကြောင်း တီအေအေဂျီပြည်သူ့ဆက်ဆံရေးရုံးက ပြောကြားသည်။

တရုတ်မြောက်ပိုင်းမှ ရေခဲများ အရည်ပျော်

တရုတ်နိုင်ငံမြောက်ပိုင်း မွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် အပူရှိန်မြင့်တက်ပြီး တောင်တန်းများရှိ ရေခဲများအရည်ပျော်မှု ဖြစ်ပွားခြင်းကြောင့် လူပေါင်း ၄၀၀၀ ကျော် ရေကြီးမှုနှင့်ကြုံတွေ့နေရကြောင်း တာဝန်ရှိသူများက အင်္ဂါနေ့တွင် ပြောကြားသည်။

အာစင်မြို့တွင် ဧပြီ ၇ ရက် နံနက်ပိုင်းက အိမ်ခြေ ၁၁၆၃ လုံးနှင့် လူပေါင်း ၄၁၃၄ ဦး ရေဘေးဒဏ်ခံစားနေရကြောင်း၊ ယင်းဒေသတွင် ၃၈နှစ်အတွင်း ရေကြီးမှုအဆိုးရွားဆုံးကြုံတွေ့ရပြီး ယွမ် ၄၇သန်း (အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ သန်း) ဆုံးရှုံးခဲ့သည်ဟု ဆိုသည်။

ဩစတြီးယား၌ နှင်းများ ကျဆင်းခြင်းကြောင့် လူအများပိတ်မိ

ဩစတြီးယားနိုင်ငံ အနောက်ပိုင်း လင်ဂါယူဒေသတွင် ဧပြီ ၆ ရက်က နှင်းများ တစ်ဟုန်ထိုး ကျဆင်းခြင်းကြောင့် လူပေါင်း ၆၀ ခန့် ပိတ်မိနေကြောင်း အင်္ဂါနေ့တွင် ဩစတြီးယားရုပ်မြင်သံကြားက ဖော်ပြသည်။

ယင်းဒေသ၌ သုံးရက်အတွင်း နှင်းများ ကျဆင်းမှုသည် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး လမ်းပေါ်တွင် နှင်းထုသည် အနည်းဆုံး ရှစ်မီတာမှ အများဆုံးမီတာ ၈၀ ထိ ရှိသည်။ နှင်းထုများ ပိုမိုကျဆင်းလာခြင်းကြောင့် လမ်းပေါ်ရှိ နှင်းထုများကို ဖယ်ရှားနိုင်ခြင်းမရှိချေ။ အိမ် ၁၆ လုံးရှိ လူပေါင်း ၆၀ ခန့်မှာ လာမည့်ကြာသပတေးနေ့ထိတိုင်အောင် ပိတ်မိနေမည်ဖြစ်သည်။ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများအား ရဟတ်ယာဉ်များဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြသည်။

အင်ဒိုနီးရှား အရှေ့ပိုင်း၌ ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း မာလူကူပြည်နယ်တွင် ဧပြီ ၇ ရက် ည ၈ နာရီ ၂၉ မိနစ်က ရစ်ချ်တာစကေး ၅ ဒသမ ၆ အဆင့်ရှိ ငလျင်တစ်ခုလှုပ်သွားကြောင်း၊ သို့သော် ပျက်စီးမှု(သို့မဟုတ်) သေကျေဒဏ်ရာရရှိမှုတို့ကို ချက်ချင်းဖော်ပြခြင်းမရှိကြောင်း မိုးလေဝသဌာနက ဖော်ပြသည်။ အဆိုပါ ငလျင်သည် အရှေ့လောင်ဂျီကျူ ၁၂၉ ဒသမ ၅၇ နှင့် တောင်လတ္တီကျူ ၇ ဒသမ ၀၉ ဒီဂရီ၊ မာလူကူပြည်နယ်တွင် ဆွမ်လာကီ အနောက်တောင်ဘက် ၂၁၇ ကီလိုမီတာအကွာ၌ ဗဟိုပြုပြီး ပင်လယ်ပြင်အောက် ၁၁၃ ကီလိုမီတာအနက်၌ လှုပ်သွားကြောင်း ဖော်ပြသည်။

စုစည်းတင်ပြသူ-စိုးစိုးနိုင်

မျက်နှာနှင့်လက်အစားထိုးကုသသည့်လုပ်ငန်း ပြင်သစ်တွင် ပထမဆုံးစမ်းသပ်အောင်မြင်

ပါရီ ဧပြီ ၉

ပြင်သစ်နိုင်ငံမှ ခွဲစိတ်ကုဆရာဝန်များသည် ကမ္ဘာပေါ်တွင် ပထမဆုံးပြုလုပ်သည့် မျက်နှာနှင့်လက် အစားထိုးကုသပေးသည့်လုပ်ငန်းကို တစ်ပြိုင်နက်တည်း ပြုလုပ်ကာ အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့ကြောင်း သတင်းများက ဖော်ပြသည်။

လိုအပ်သည့် အစားထိုးကုသမှုကို ဆောင်ရွက်နိုင်ရန်အတွက် အသက် ၃၀ အရွယ်ရှိလူနာမှာ အလှူရှင်ကို တစ်နှစ်တာမျှအချိန်ယူ၍စောင့်ဆိုင်းခဲ့ရသည်။

လူနာမှာမျက်နှာတွင် မီးလောင်နာအမာရွတ်ကြီးရှိနေပြီး လက်မှာလည်း ဒဏ်ရာကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေရသည့်အတွက် လူမှုရေး လုပ်ငန်းဆောင်တာများတွင် လူတောမတိုးနိုင်ဘဲ အချိန်ကြာမြင့်စွာ ရှောင်ရှားနေခဲ့ရသည်ဟု ဆိုသည်။

၎င်းကို ခွဲစိတ်ကုသပေးရာတွင် ဆေးဝန်ထမ်းပေါင်း ၄၀ကျော် ပါဝင်သောအဖွဲ့က အချိန်နာရီ ၃၀ မျှကြာအောင်ကုသပေးခဲ့ရသည်။ ကုသမှုပေးသော ဆေးရုံမှာပါရီမြို့ဆင်ခြေဖုံးရှိ ဟန်ရီမွန်ဒေါဆေးရုံဖြစ်သည်။

ယခုအခါ လူနာမှာခွဲစိတ်လူနာ အရေးပေါ်ဆောင်တွင် ပြုစုမှု ခံယူနေသော်လည်း ၎င်း၏ အခြေအနေမှာ ကောင်းမွန်ကြောင်းခွဲစိတ်ကုသမှုပေးသူခေါင်းဆောင်ဆရာဝန်နှစ်ဦးအနက်တစ်ဦးဖြစ်သူ လူရန်လန်တီရီက ပြောကြားသည်။ လူနာမှာ အရေးပေါ်ခန်းတွင် နောက်ထပ် ၁၅ ရက် ကုသစောင့်ရှောက်မှုခံယူရန် လိုအပ်သေးကြောင်း သိရသည်။

ခွဲစိတ်ကုဆရာဝန်များသည် လူနာ၏ နှုတ်ခမ်းအပေါ်ပိုင်းရှိ ဦးခေါင်းအရေပြား၊ နှာခေါင်း၊ နားရွက်နှင့် နဖူးအစိတ်အပိုင်းအားလုံးကို အစားထိုးလဲလှယ် ကုသပေးခဲ့ရသည်ဟုဆိုသည်။

လူနာ၏ ခွဲစိတ်ပေးရသော အပိုင်းရှိ အာရုံကြောများ၊အရိုးနုများ၊သွေးပြန်ကြောများနှင့် သွေးလွှတ်ကြောများအားလုံးကို ပြန်လည်ဆက်သွယ်ပေးပြီး ဖြစ်သည်ဟု ပညာရှင်လန်တီရီက ပြောကြားသည်။

လက်နှစ်ဖက်စလုံးကို လက်ကောက်ဝတ်မှစ၍ အစားထိုး လဲလှယ်ပေးသူဆရာဝန်မှာ ပါရီမြို့ရှိစိန့်အန်တိုနီ ဆေးရုံမှ ခရစ္စတင်ဒူမွန်တီရာဖြစ်သည်။

လူနာ၏ အာရုံကြောများသည် ပြန်လည် ဆက်သွားပြီး အကောင်းကဲ့သို့ လှုပ်ရှားနိုင်ခြင်း ရှိ၊ မရှိ မိမိတို့အနေဖြင့် စောင့်၍ ကြည့်ရှုရန် လိုအပ်နေသေးကြောင်းပညာရှင်ဒူမွန်တီရာက ပြောကြားသည်။

မျက်နှာအစားထိုး ကုသခံရသူ ငါးဦးရှိသည့်အနက် သုံးဦးမှာ ပြင်သစ်တွင် ပြုလုပ်ခြင်း ဖြစ်သည်။ မျက်နှာနှင့်လက် တစ်ပြိုင်နက်တည်း အစားထိုးကုသမှု ပြုလုပ်သည့် ကုသမှုကို ပြုလုပ်ခြင်းမှာမူ ယခုအကြိမ်သည် ပထမဆုံးအကြိမ် ဖြစ်ကြောင်း သိရသည်။

အင်တာနက်။

ပြင်သစ်နိုင်ငံ ပါရီမြို့ဆေးရုံတွင် မျက်နှာနှင့်လက် တစ်ပြိုင်နက် အစားထိုးကုသပေးနေသော ဆေးပညာရှင်အဖွဲ့ လုပ်ငန်းဆောင်ရွက်နေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်အာရ်ဘီအက်စ်ဘဏ်မှ ဝန်ထမ်း ၉၀၀၀ ထပ်မံလျှော့ချမည်

လန်ဒန် ဧပြီ ၉

ရိုင်ရယ်ဘင့်ဘော့ဖ်စကော့တလန်ဘဏ် (အာရ်ဘီအက်စ်)သည် လက်ရှိလုပ်ကိုင်နေသော ဝန်ထမ်းများအနက် ဝန်ထမ်းဦးရေ ၉၀၀၀ ကို ထပ်မံလျှော့ချသွားမည်ဖြစ်ကြောင်း ဧပြီ ၇ ရက်က ထုတ်ပြန်ကြေညာသည်။

လျှော့ချမည့် ဝန်ထမ်းများအနက် ထက်ဝက်သောဦးရေမှာ ဗြိတိန်နိုင်ငံရှိ ဝန်ထမ်းများဖြစ်သည်ဟုဆိုသည်။ များသောအားဖြင့် စာရွက်စာတမ်း ထိန်းသိမ်းရေးဌာန၊သတင်းနည်းပညာဌာန၊ ဝယ်ယူရေးဌာနနှင့် ဘဏ်ပိုင်ပစ္စည်း ထိန်းသိမ်းရေးဌာနမှ ဝန်ထမ်းအများစုမှာ လျှော့ချခြင်းခံရမည်ဟု မီဒီယာသတင်းများက ဖော်ပြသည်။

အင်တာနက်။

အီတလီ၌ မြေငလျင်လှုပ်စဉ် အယ်လ်ကွီလာမြို့ဆေးရုံမှ လူနာများကို ဆေးရုံပြင်ပ၌ နေရာချထားသည်ကို ဧပြီ ၆ ရက်တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီတလီငလျင်အပျက်အစီးများကြားမှ အသက်ရှင်သူများကို ရှာဖွေလျက်ရှိ

အယ်လ်ကွီလာ(အီတလီ) ဧပြီ ၉

အီတလီနိုင်ငံ အလယ်ခေတ် တောင်ပေါ်မြို့ အယ်လ်ကွီလာတွင် မြေငလျင်ဒဏ်ကြောင့် ပြိုကျလျက်ရှိသော အပျက်အစီးပုံများအကြားမှ အသက်ရှင်ဆဲရှိသူများကို ကယ်ဆယ်ရေးသမားများက တစ်ညလုံးရှာဖွေခဲ့ကြသည်။

တနင်္လာနေ့ စောစောပိုင်းက လှုပ်ခဲ့သော အဆိုပါ မြေငလျင်ကြောင့် လူ ၁၃၀ ကျော် သေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာသော လူများအိုးမဲ့အိမ်မဲ့ ဖြစ်ကြရကာ ယာယီတဲစခန်းများတွင် ထိတ်လန့်တုန်လှုပ်စွာ စုဝေးနေကြသည်။

အဆောက်အအုံပျက်များအတွင်းမှ အသက်မသေသေးသူများကို ဆွဲထုတ်နိုင်ရေးမျှော်လင့်ချက်ဖြင့် အုတ်ကျိုးအုတ်ပဲ့အစုအပုံများကို ပိုက်စိပ်တိုက်ရှင်းလင်းရှာဖွေနေကြသော မီးသတ်တပ်ဖွဲ့ဝင်များ၊ အရေးပေါ် ကယ်ဆယ်ရေးသမားများအား မိုးရွာသွန်းခြင်းက အခက်အခဲတွေ့စေသည်။

တနင်္လာနေ့ နံနက် ၃ နာရီကျော် လူအများ အိပ်နေချိန်တွင် ငလျင်လှုပ်ခဲ့ခြင်းဖြစ်သည်။ မြို့ပေါင်း ၂၆ မြို့မှ လူနေအိမ်များ၊ ရှေးဟောင်းဘုရားရှိခိုးကျောင်းများ၊ အဆောက်အအုံများ ပြားပြားဝပ်သွားစေခဲ့သည်။

ငလျင်လှုပ်ရာဒေသသည် ရောမမြို့မှ ကီလိုမီတာ ၁၀၀ ခန့်(မိုင် ၆၀)အကွာ၌ရှိပြီး ငလျင်ကြီးအပြီး နောက်ဆက်တွဲငလျင်များမှာ တစ်နေကုန် လှုပ်လျက်ရှိသည်။

ဒေသဆိုင်ရာ အာဏာပိုင်များက ၁၃၀ ကျော် သေဆုံးပြီး ၁၅၀၀ ကျော်ဒဏ်ရာရရှိသည်ဟု ပြောကြားသည်။ မြို့ပြကာကွယ်ရေးအဖွဲ့က အိုးအိမ်မဲ့သွားသူပေါင်း ၅၀၀၀၀ အထိရှိသည်ဟုဆိုသည်။ ဆေးရုံမှ သတင်းပေးက သေဆုံးသူ ၁၅၀ ကျော်သည်ဟု အန်ဆာသတင်းဌာနသို့ ပြောကြားသည်။ ကော်ရီဒီဒဲလ်လာဆီရာ သတင်းစာဝက်ဘ်ဆိုက်တွင် လူ ၂၅၀ မှာ ပျောက်ဆုံးလျက်ရှိကြောင်း၊ သေဆုံးသူအရေအတွက် ပိုမိုလာမည်ဖြစ်ကြောင်း ဖော်ပြထားသည်။**အမ်အင်အေ၊ရိုက်တာ။**

အမေရိကန်ဝေဟင်ပိုင်နက်အတွင်း ကျူးကျော်ပျံသန်းသည့် လေယာဉ်ငယ်မှ လေယာဉ်မှူးနှင့် လေယာဉ်ငယ်ကို ဖမ်းဆီး

ဝူစာ(ဝက်စ်ကွန်ဆင်) ဧပြီ ၉

ကနေဒါနိုင်ငံ အွန်တာရီယိုမြို့ သန္ဒာဘေးလေဆိပ် လေယာဉ်အမောင်းသင်ကျောင်း မှ စက်တစ်လုံးတပ် ဆက်စနာ ၁၇၂ လေယာဉ်ငယ်အား သင်တန်းသားတစ်ဦးက ခိုးယူပျံသန်းကာ အမေရိကန်နိုင်ငံ ဝေဟင်ပိုင်နက်အတွင်း ဝင်ရောက်ပျံသန်းသည့်အတွက် အက်ဖ် ၁၆ တိုက်လေယာဉ်များ စောင့်ကြပ်ပျံသန်းကာ ဆင်းသက်စေပြီးနောက်၎င်းလေယာဉ်မှူးကို ဖမ်းဆီးလိုက်သည်။

ထိုလေယာဉ်ငယ်သည် အမေရိကန်နိုင်ငံ၏ ပြည်နယ်သုံးခုကို ဖြတ်သန်းကာ ပျံသန်းခဲ့သည်။ ယင်းလေယာဉ်သည် မစ်ချီဂန်ပြည်နယ်အထက်ပင်ဆယ်ဗေးနီးယားပြည်နယ်အတွင်းသို့ မွန်းလွဲပိုင်း ၃ နာရီ၂၅မိနစ်တွင် ဝင်ရောက်မိပြီးနောက် မွန်းလွဲ ၄နာရီ၄၃မိနစ်တွင် စစ်လေယာဉ်များက နောက်ယောင်ခံလိုက်ခဲ့ကြသည်။

ဆက်စနာလေယာဉ်ငယ်သည် မင်နီဆိုတာ၊ ဝက်စ်ကွန်ဆင်၊ အီလီနွိုက်နှင့် မစ်ဆိုရီဒေသများပေါ်မှ ဖြတ်သန်း၍ ပျံသန်းခဲ့သည်။ ဝက်စ်ကွန်ဆင်ဒေသကို ဖြတ်၍ပျံသန်းစဉ် စိုးရိမ်ရသည့်အခြေအနေကြောင့် မက်ဒီဆင်ရှိ အဆောက်အအုံမှလူများကို အရေးပေါ်ရွှေ့ပြောင်းစေခဲ့ကြောင်းသိရသည်။ထပ်မံထွက်ပေါ်လာသောသတင်းအရ လေယာဉ်အမောင်းသင်ကျောင်းသည် ဒေသခံရဲများနှင့်ပူးပေါင်း၍ လေယာဉ်ခိုးပြေးသူမည်သူမည်ဝါဖြစ်ကြောင်းကိုဖော်ထုတ်နိုင်ရန်နှင့် လေယာဉ်ကို ပြန်လည်ရရှိရန် ကြိုးပမ်းလျက်ရှိသည်ဟု ဆိုသည်။ ဆက်စနာ လေယာဉ်ကို မောင်းသူအား မြေပြင်မှ အမျိုးမျိုးဆက်သွယ်ရန် ကြိုးပမ်းခဲ့သော်လည်း ၎င်းက တစ်စုံတစ်ရာ တုံ့ပြန်ဖြေကြားခြင်းမပြုခဲ့ပေ။ အက်ဖ်-၁၆ တိုက်လေယာဉ်များက ယင်းလေယာဉ်မှူးနှင့် မျက်မြင်အားဖြင့် ဆက်သွယ်နိုင်ရန် ကြိုးစားသော်လည်း ၎င်းကမဖြေကြားပေ။ သို့သော် တိုက်လေယာဉ်များ နောက်ကလိုက်လာသည်ကို သိရှိကြောင်း တွေ့ရသည်ဟုဆိုကြောင်း မြောက်အမေရိကဒေသ ဝေဟင်ကာကွယ်ရေးဌာနမှ မိုက်ကယ်ကူချာရက်က ပြောကြားသည်။

လူလေးဦးလိုက်ပါနိုင်သော ဆက်စနာလေယာဉ်ကို ခိုးယူလာသူ အသက် ၃၁ နှစ်အရွယ်ရှိ အက်ဒမ်ဒေလန်လီယွန်ကို အယ်လ်ဆင်နော်တွင် လေယာဉ် ဆင်းသက်ပြီးနောက်မကြာမီဖမ်းဆီးမိခဲ့သည်။

၎င်းသည် မိမိကိုယ်ကိုယ်သေကြောင်းကြံစည်လိုသူဖြစ်ကြောင်း၊ သို့သော် ကိုယ်တိုင်ကိုယ်ကျ မကြံစည်ရဲသဖြင့် အမေရိကန် တိုက်လေယာဉ်များက ၎င်းအားပစ်ချစေရန်ရည်ရွယ်၍ အမေရိကန်လေကြောင်းအတွင်း ကျူးကျော်ပျံသန်းခြင်းဖြစ်ကြောင်း လီယွန်ဆိုသူက အစစ်ခံသည်။

ဆက်စနာလေယာဉ်ကိုပျံသန်းစဉ်တစ်စုံတစ်ရာ အန္တရာယ်ပြုမည့် အနေအထားဖြစ်ပေါ်လာပါက ပစ်ချရန် ရှိပါသလားဟု ကူချာရက်အား သတင်းထောက်များက မေးမြန်းကြသည်။ အကယ်၍သာ အန္တရာယ်ပြုမည့်အခြေအနေရှိပါကတိုက်လေယာဉ်မှူးများအနေဖြင့် ပြည်သူများအား အကာအကွယ်ပေးရန် လိုအပ်သလိုဆောင်ရွက်သွားမည်ဖြစ်သည်ဟု ၎င်းက ပြန်လည်ဖြေကြားသွားသည်။

အင်တာနက်။

လေယာဉ်ခိုးယူမှုနှင့် နယ်မြေကျူးကျော်ပျံသန်းမှုတို့ဖြင့် အဖမ်းခံရသော အက်အမ်ဒေလန်လီယွန်အား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အစ္စရေးက ဒုံးခွင်းဒုံး အောင်မြင်စွာစမ်းသပ်

ဂျေရုစလင် ဧပြီ ၉

အီရန်နိုင်ငံက တိုက်ခိုက်လာခဲ့လျှင် ကာကွယ်နိုင်ရန်အတွက် ထုတ်လုပ်ထားသော ဒုံးခွင်းဒုံးစနစ်တစ်ခုကို အစ္စရေးနိုင်ငံက အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင် ကြေညာသည်။

စမ်းသပ်ခဲ့သော ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်သည် အမေရိကန်နှင့် အစ္စရေးတို့ ပူးတွဲထုတ်လုပ်သော အဲရိုး-၂ကို အီရန်နိုင်ငံ၏ ရှာဟတ်ပဲ့ထိန်းဒုံးကျည်အား တန်ပြန်ရန် အဆင့်မြှင့်ထားသောဒုံးကျည်ဖြစ်သည်။ **(အောက်ပုံ)**

အဆိုပါစမ်းသပ်ပစ်ခတ်မှုကို အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်မှကိုယ်စားလှယ်များ လာရောက်ကြည့်ရှုသည်ဟု အမည်မဖော်လိုသူ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အစ္စရေးလေယာဉ်ထုတ်လုပ်ရေးလုပ်ငန်းနှင့် ချီကာဂိုအခြေစိုက် ဘိုရင်းကုမ္ပဏီတို့ကပူးတွဲ၍ အဲရိုးဒုံးခွင်းဒုံး စီမံကိန်းကို အမေရိကန်ဒေါ်လာတစ်ဘီလီယံကျော် အကုန်အကျခံကာ ဆောင်ရွက်ခြင်းဖြစ်သည်။

အီရန်နိုင်ငံ၏ ရှာဟတ်-၃ ဒုံးကျည်များသည် မိုင် ၁၂၅၀ (ကီလိုမီတာ ၂၀၀၀)အထိ ပစ်ခတ်နိုင်၍ အစ္စရေးနိုင်ငံသည် တိုက်ခိုက်နိုင်သည့် အကွာအဝေးအတွင်းတွင် ရှိနေသည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၀/၂၀၀၉) ဂုဏ်ပြုညစာစားပွဲ သရုပ်ပြအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၉

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၀/၂၀၀၉)၏ သင်ခန်းစာတစ်ခုဖြစ်သော ဂုဏ်ပြုညစာ စားပွဲ သရုပ်ပြအခမ်းအနားကို ဧပြီ ၈ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဆီဒိုးနား ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ ဂုဏ်ပြုညစာ စားပွဲ သရုပ်ပြ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ သံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ သက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခ၊ ကထိကများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၂၀/၂၀၀၉) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးပေါ်လွင်စိန် တက်ရောက်၍ သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။

အဆိုပါ သင်တန်းသို့ အပြည်ပြည်ဆိုင်ရာ ကိစ္စရပ်များကို စိတ်ဝင်စားသူများ၊ နိုင်ငံခြားကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်နေကြသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီဝန်ထမ်းများနှင့် အစိုးရဝန်ထမ်းများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၈၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ကြာမြင့်သည်။

(သတင်းစဉ်)

၂၀၀၉ ခုနှစ် ကိုရီးယားသမ္မတနိုင်ငံအစိုးရ၏ Undergraduate Students များအတွက် ပညာတော်သင်ဆု ချီးမြှင့်မည်

ရန်ကုန် ဧပြီ ၉

ကိုရီးယားသမ္မတနိုင်ငံအစိုးရသည် ၂၀၀၉ ခုနှစ် ကိုရီးယားသမ္မတနိုင်ငံအစိုးရ၏ Undergraduate Students များအတွက် ပညာတော်သင်ဆုများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံနှစ်နိုင်ငံအကြား အပြန်အလှန် ချစ်ခင်ရင်းနှီးမှုနှင့် ပညာရေးကိစ္စရပ်များတိုးမြှင့်နိုင်စေရေးတို့အတွက် မြန်မာကျောင်းသားကျောင်းသူ ၁၀ ဦးအား ပညာတော်သင်ဆုများအား ပေးအပ်ချီးမြှင့်ထားကြောင်း သိရှိရသည်။

ပညာသင်ဆုချီးမြှင့်ခြင်းခံရသူများသည် ကိုရီးယားသမ္မတနိုင်ငံတွင် ကိုရီးယားဘာသာစကားကို တစ်နှစ် သင်ယူလေ့လာကြရမည်ဖြစ်ပြီး ဘွဲ့ကြိုသင်တန်းအဖြစ် နောက်ထပ်လေးနှစ်တက်ရောက်ရမည်ဖြစ်ကြောင်း၊ ပညာသင်ဆုတွင် ကျောင်းလခများ၊ ကိုရီးယားသမ္မတနိုင်ငံသို့ အသွားအပြန် လေယာဉ်လက်မှတ်၊ လစဉ်ထောက်ပံ့ကြေး၊ ကိုရီးယားသမ္မတနိုင်ငံတွင် နေထိုင်စဉ် ကျန်းမာရေးအာမခံ စသည်များ ပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အာကာသသိပ္ပံ အင်တာနက်သတင်း

ဂျပန်စက်ရုပ် အာကာသယာဉ်မှူး လကမ္ဘာ၌ လေ့လာရန်မျှော်မှန်း

ဘာသာပြန်-တက်လူ

တိုကျို ဧပြီ ၉

၂၀၂၀ ပြည့်နှစ်ထက်နောက်မကျဘဲ လကမ္ဘာသို့ စက်ရုပ်အာကာသယာဉ်မှူး တစ်ဦးကို စေလွှတ်မည်ဖြစ်ကြောင်း ဂျပန် အာကာသရေးရာ အထူးလုပ်ငန်းအဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အာကာသနည်းပညာဖွံ့ဖြိုးရေး အထူးလုပ်ငန်းအဖွဲ့သည် လကမ္ဘာလေ့လာရေး လုပ်ငန်းတွင် စက်ရုပ်နည်းပညာကို အသုံးပြုရန် ဝန်ကြီးချုပ်ထံ အကြံပြုတင်ပြလိုက်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံ၏ အာကာသရေးရာ မဟာဗျူဟာတွင် လကမ္ဘာစူးစမ်းလေ့လာရေး လုပ်ငန်းများကို စက်ရုပ်များ အသုံးပြု ဆောင်ရွက်ရန် ရည်မှန်းချက် ချမှတ်ထားသည်။

လကမ္ဘာ စူးစမ်းလေ့လာရာတွင် စက်ရုပ်များဖြင့် လေ့လာခြင်းအပြင် စက်ရုပ်များနှင့် အာကာသယာဉ်မှူးများ ပူးတွဲလေ့လာခြင်းပြုလုပ်ရန်လည်း ဒုတိယ အဆင့်အဖြစ် ရည်မှန်းကြောင်း အထူး လုပ်ငန်းအဖွဲ့၏ အကြံပြုလွှာ၌ ဖော်ပြသည်။

အာကာသနည်းပညာတိုးတက်မှုသည် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းအတွက် အထောက်အကူပြုရန် အထူးလုပ်ငန်း အဖွဲ့က အကြံပြုသည်။ ဂျပန်နိုင်ငံသည် စစ်ဘက်သုံးဂြိုဟ်တု ထောက်လှမ်းရေး ကိရိယာသစ်များအား တီထွင်ဖော်ထုတ် နိုင်ရန် သုတေသနလုပ်ငန်းများကို တိုးမြှင့်သွားသင့်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဒေသတွင်းရှိ နိုင်ငံတစ်နိုင်ငံက တိုက်ချင်းပစ်ဒုံးပျံပစ်လွှတ်မှုကို သိရှိနိုင်ရန် လည်းကောင်း၊ အာကာသအတွင်းသို့ ထုတ်လွှင့်သော ရေဒီယိုလှိုင်းများကို သရုပ်ခွဲလေ့လာနိုင်ရန် လည်းကောင်း ဂြိုဟ်တုနည်းပညာသုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် အကြံပြုထားသည်ဆို၏။

အာကာသနည်းပညာတိုးတက်လာခြင်းဖြင့် ဒေသတွင်း၌ သဘာဝဘေးအန္တရာယ်ကို လျှော့ချနိုင်ရန် အထောက်အကူပေးမည်ဖြစ်ကြောင်း၊ အာရှတိုက်တွင် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မည့် အခြေအနေကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် ဂြိုဟ်တုများကို အသုံးပြုနိုင်ကြောင်း အထူးလုပ်ငန်းအဖွဲ့၏ အကြံပြုချက်များကို ကိုးကားလျက် ဂျပန်တူဒေးစာစောင်တွင် ရေးသားဖော်ပြသည်။

အင်တာနက်။

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ကျွန်းခယ်မကျေးရွာအုပ်စု အထက်ကြံလတာကျေးရွာရှိ လယ်သမားဦးမြင့်သိန်း၏ လယ်မြေ၌ ဧပြီ ၄ ရက်က စူပရင်းကုမ္ပဏီများအုပ်စုမှ ထုတ်လုပ်သည့် ဘိုင်အိုစူပရင်း ဇီဝမြေဩဇာအသုံးပြု၍ စိုက်ပျိုးခဲ့သော စပါးစံကွက် ရိတ်သိမ်းပွဲကျင်းပစဉ်။ (သတင်းစဉ်)

ယခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းစုစုပေါင်း ဧက ၉၄၀၀ ကျော် ဖျက်ဆီးနိုင်ခဲ့

ရန်ကုန် ဧပြီ ၉

မတ် ၂၇ ရက်မှ ဧပြီ ၃ ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ၊ မိုင်းတုံမြို့နယ်နှင့် ကချင်ပြည်နယ် ပူတာအိုမြို့နယ်တို့အတွင်းမှ ဘိန်းခင်း ၇၉ ဒသမ ၆ ဧက (၃၂ ဒသမ ၂၁ ဟက်တာ) ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ သို့ဖြစ်၍ ယခုနှစ် ဘိန်းစိုက်ရာသီတွင် ပြည်နယ်နှင့်တိုင်းများအတွင်းမှ ဘိန်းခင်းစုစုပေါင်း ၉၄၂၅ ဒသမ ၃၆ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လကမ္ဘာသို့စေလွှတ်မည့် စက်ရုပ်အာကာသယာဉ်မှူး ဒီဇိုင်းပုံစံကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၄-၂၀၀၉ (သောကြာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	“ဒုက္ခသိမှနိဗ္ဗာန်ရ”တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၈း၀၀ - ၂း၀၀	ထူးထွေဆန်းပြားအနုပညာကျွမ်းဘား
၈း၁၅ - ၂း၁၅	Yangon Panorama (ပေါ့ပေါ့ပါးပါးသကြံန်စီးရီးဖျော်ဖြေပွဲ)
၈း၃၀ - ၂း၃၀	Activities In The City (ရန်ကုန်တက္ကသိုလ်ရက္ခဗေဒဘွဲ့ရများ၏မြတ်ဆရာပူဇော်ပွဲ)
၈း၄၅ - ၂း၄၅	ခါသကြံန်အဆိုအက
၈း၅၅ - ၂း၅၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	မျိုးသန့်စိုက်ပျိုးအထွက်တိုး အကျိုးများမည် တို့တိုင်းပြည်
၉း၄၅ - ၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀ - ၃း၅၀	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၀း၀၀ - ၄း၀၀	ခါသကြံန်အဆိုအက
၁၀း၁၀ - ၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅ - ၄း၁၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
၁၀း၃၅ - ၄း၃၅	ခါသကြံန်အဆိုအက
၁၀း၄၅ - ၄း၄၅	Promotion သကြံန်ယုဇနပလာဇာ
၁၀း၅၅ - ၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅ - ၅း၀၅	Myanmar Master 2009 ဂေါက်သီးရိုက်ပြိုင်ပွဲ(အပိုင်း-၁)
၁၁း၂၀ - ၅း၂၀	Music Gallery (သကြံန်တေးလက်ဆောင်)
၁၁း၄၀ - ၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅ - ၅း၄၅	ခါသကြံန်အဆိုအက
၁၁း၅၅ - ၅း၅၅	အမြဲတမ်းဂေါ်လီ (တေးစီးရီးစာနယ်ဇင်းရှင်းလင်းပွဲ)
၁၂း၁၅ - ၆း၁၅	Hotel Guide (Bay of Bengal Resort, Ngwe Saung)
၁၂း၅၀ - ၆း၅၀	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (အရသာချိုချိုရေခဲမုန့်ပြုလုပ်နည်း)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **VHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စက်သုံးဆီအရောင်းဆိုင်များ၊ သဘာဝဓာတ်ငွေ့(CNG) အရောင်းဆိုင်များ မဟာသင်္ကြန်ရက်များတွင် ဖွင့်မည်

ရန်ကုန် ဧပြီ ၉

စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ရန်ကုန်တိုင်းအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များ၊ သဘာဝဓာတ်ငွေ့(CNG) အရောင်းဆိုင်များကို မဟာသင်္ကြန်ရုံးပိတ်ရက်များတွင် ပုံမှန်ဖွင့်လှစ်ရောင်းချမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်လွှန်းသိ ကွမ်းခြံကုန်းမြို့နယ်၌ ကျေးရွာတည်ဆောက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွှန်းသိသည် ဧပြီ ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ညောင်ငူကျေးရွာအနီး သီရိလင်္ကာနိုင်ငံ ထေရဝါဒသမာဓိပညာအဖွဲ့က လေဘေးသင့်ပြည်သူများအတွက် ဆောက်လုပ်လှူဒါန်းသော မေတ္တာကျေးရွာ တည်ဆောက်နေမှုလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ ဝန်ကြီးသည် အလှူရှင်ကိုယ်စားလှယ်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ညှိနှိုင်းပံ့ပိုးပေးသည်။

အဆိုပါ မေတ္တာကျေးရွာ၌ လူနေအိမ် ၇၀၄ လုံးအပြင် စာသင်ကျောင်း၊ ကျေးရွာဆေးပေးခန်း၊ စာကြည့်တိုက်နှင့် သောက်သုံးရေစနစ်များ ပါဝင်ဆောက်လုပ်လျက်ရှိသည်။

ထို့နောက် ဝန်ကြီးသည် သရက်သုံးပင်ကျေးရွာသို့ရောက်ရှိပြီး ကွမ်းခြံကုန်း-ဒေးဒရဲလမ်းမကြီးမှ သရက်သုံးပင်ကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသော အရှည်ပေ ၄၁၂၀၊ အကျယ် ၁၂ ပေရှိ ကျောက်ခင်းလမ်း ဖောက်လုပ်နေမှုအခြေအနေနှင့် ကျေးရွာ Cyclone Shelter ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ပံ့ပိုးပေးသည်။

အဆိုပါ နှစ်ထပ် RC ကွန်ကရစ် Cyclone Shelter အဆောက်အအုံကို သာမန်အချိန်တွင် စာသင်ကျောင်းအဖြစ် အသုံးပြုမည်ဖြစ်ပြီး သဘာဝဘေးကြုံတွေ့ပါက ဒေသခံပြည်သူများအား စားနပ်ရိက္ခာနှင့် သောက်သုံးရေ အပြည့်အစုံဖြင့်နေနိုင်ရန် စီမံဆောက်လုပ်ထားသည်။

ယင်းနောက် ဝန်ကြီးသည် ဆူးကလပ်ကျေးရွာ၌ လက်တွေ့စွမ်းအင်နည်းပညာအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဒေသအတွင်းရှိ ကျေးလက်များအတွက် စွမ်းအင်အကျိုးရှိစွာ အသုံးချရေးမြှင့်တင်မှု စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူက စွမ်းအင်ချွေတာသုံးပစ္စည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ယခုဖြစ်ပေါ်လျက်ရှိသော ရာသီဥတုဖောက်ပြန်မှုများကို သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ကာကွယ်လျက်ရှိကြောင်း၊ စွမ်းအင်ချွေတာရေးမီးဖိုနှင့် အခြားပစ္စည်းများ အသုံးပြုရာတွင် ပတ်ဝန်းကျင်သစ်တောများကို မထိခိုက်စေရေး အခြေခံလုပ်ဆောင်ကြရန်လိုကြောင်းပြောကြားပြီး လိုအပ်သည်များကို ပံ့ပိုးပေးသည်။

ထို့နောက် ဝန်ကြီးသည် စီမံကိန်းတွင် ခင်းကျင်းပြသထားသော စွမ်းအင်ချွေတာရေးမီးဖိုများ၊ ဇီဝလောင်စာသုံးမီးဖိုများနှင့် အသီးအနှံများ၊ ရေထွက်ပစ္စည်းများ အခြောက်ခံနိုင်သော Green House နမူနာပုံစံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွှန်းသိ ဆူးကလပ်ကျေးရွာတွင် လက်တွေ့စွမ်းအင်နည်းပညာအဖွဲ့၏ စွမ်းအင်ချွေတာရေးမီးဖိုများနှင့် ဆက်စပ်သုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ကွမ်းခြံကုန်းမြို့နယ် သရက်သုံးပင်ကျေးရွာ၌ တည်ဆောက်ထားသော Cyclone Shelter အဆောက်အအုံကို တွေ့ရစဉ်။ (စွမ်းအင်)

အခြေခံအသက်ကယ်ပြုစုနည်း ဟောပြောပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာနရှိ တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား ကျန်းမာရေးဦးစီးဌာန နှလုံးကာကွယ်ရေးစီမံချက် မန်နေဂျာ ပါမောက္ခ ဒေါက်တာတင်လတ်က နှလုံးကာကွယ်ရေးနှင့် အခြေခံ အသက်ကယ်ပြုစုနည်းအကြောင်း ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မီးသတ်ဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပသည်။

ဟောပြောပွဲအခမ်းအနားသို့ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့်ဇနီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၏ဇနီး၊ အရာရှိကြီးများ၊ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပါမောက္ခဒေါက်တာတင်လတ်က ရုတ်တရက် အသက်ရှူရပ်ခြင်းနှင့် နှလုံးခုန်ရပ်သွားသော လူနာအား အမြန်ဆုံး အသက်ကယ်ဆယ်ခြင်းအကြောင်း၊ ရုတ်တရက် အသက်ဆုံးရှုံးစေနိုင်သည့် အကြောင်းရင်းများဖြစ်သော ရုတ်ခြည်းနှလုံးခုန်ရပ်သွားခြင်း၊ အသက်ရှူလမ်းကြောင်း ပိတ်ဆို့ခြင်း၊ ရေနစ်ခြင်း၊ လေဖြတ်ခြင်း၊ ဆေးလိပ် အလွန်အကျွံသောက်သုံးခြင်း၊ မီးခိုးများရှူရှိုက်မိခြင်း၊ ဓာတ်လိုက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ပြင်းထန်သော ရင်ခေါင်းဒဏ်ရာများ စသည်တို့ဖြစ်ချိန်တွင် ရုတ်တရက် နှလုံးခုန်ရပ်သွားပါက အချိန်မီ ကယ်တင်နိုင်ရန် နှလုံးကာကွယ်ရေးနှင့် အခြေခံအသက်ကယ်အထောက်အကူပြု နည်းစနစ်များကို မှန်ကန်မြန်ဆန်စွာ ကျင့်သုံးတတ်ရေး ဟောပြောပို့ချခဲ့ပြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စများမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ ခုနှစ် ဧပြီလအတွက်

(၁၂-၄-၂၀၀၉) ရက်နေ့

နှင့်

(၂၆-၄-၂၀၀၉) ရက်နေ့

ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၉

Grand Royal Special Reserve Billards & Snooker Championship 2009 ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့တွင် ရန်ကုန်မြို့ရှိ ချတ်ထရီယမ်ဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဘိလိယက်ပြိုင်ပွဲတွင် တတိယဆုရရှိသော အောင်ငွေး၊ ဒုတိယဆုရရှိသော နေသွေးဦးနှင့် ပထမဆုရရှိသော ကျော်ဦးတို့အား I.B.T.C မှ ဒါရိုက်တာ ဦးတင်ဦးကလည်းကောင်း **(အောက်ပုံ)**၊ စနူကာပြိုင်ပွဲတွင် တတိယဆုရရှိသော ဝင်းကိုကို၊ ဒုတိယဆုရရှိသော ရဲဇော်ထွဋ်နှင့် ပထမဆုရရှိသော အာကာစိုးရင်တို့အား မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌက လည်းကောင်း၊ ဘိလိယက်နှင့် စနူကာပြိုင်ပွဲတွင် တတိယဆုရရှိသော ကိုရဲ၊ ဒုတိယဆုရရှိသော အောင်ညီညီနှင့် ပထမဆုရရှိသော ခွန်ညီညီထွေးတို့အား ဒိုင်ချုပ်ဦးအေးမြင့်ကလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် I.B.T.C မှ ဒါရိုက်တာ ဦးတင်ဦးက ငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဆုရရှိသူများကိုယ်စား အားကစားသမား ကျော်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသောအခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်၁၀နာရီမှ ညနေ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရ အေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင်ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့်ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင်အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါး လိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့

သဘာဝ တောတွေ ထိန်းသိမ်းစို့

ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှု ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စက်မှုလယ်ယာ စံပြစိုက်ပျိုးရေး အထူးဇုန်(၁) အကွက်အမှတ်(၁)၌ အထွက်တိုးမျိုးစပါးများ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်း-ရွှေဖုံး) (သတင်းစဉ်)

❐ ခေါင်နှံ့စနစ်မှ

တိုးတက်မြင့်မားလာမည်။ လယ်ယာတစ်ခေတ် ဆန်းသစ်လာမည် ဖြစ်ပေသည်။

စာရေးသူ၏ဆန္ဒ ပြည့်ဝပါသည်။ မော်လမြိုင်ကျွန်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ဖိတ်ကြားမှုဖြင့် ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက ဒေါင်းရေကျော်မြင်းကကုန်းကျေးရွာအုပ်စု မြင်းကကုန်းစံပြကျေးရွာ၌ ကျင်းပသော ခေါင်နှံ့စနစ် နည်းပညာပေး သရုပ်ပြသပွဲသို့ စာရေးသူတို့ သတင်းအဖွဲ့ လိုက်ပါခွင့် ရရှိခဲ့ပါသည်။

မြင်းကကုန်း မြစ်ရေပြင်ကျယ်သည် နှင်းခိုးနှင်းငွေ့များ ယှက်သန်းဆဲ။ အအေးဓာတ်က လွှမ်းခြုံနေရာယူထားသည်။ ထွန်းသစ်စ နေရောင်ခြည်သည် နှင်းငွေ့များကို မဖောက်ထွင်းနိုင်သေး။ ချမ်းအေးနေဆဲပင်။ ယွန်းနဒီပဲ့ထောင်ရေယာဉ်သည် နှင်းလွှာကို ဖောက်ထွင်းပြီး မြင်းကကုန်းသို့ အပြေးအလွှား ခရီးနှင်နေသည်။ မြင်းကကုန်း စံပြကျေးရွာမှာ အနီးကလေး ခရီးမဝေးပါ။

ထိုနေ့က မြင်းကကုန်းစံပြကျေးရွာတွင် ခေါင်နှံ့စနစ်နည်းပညာ သရုပ်ပြသပွဲသာမက နေကြာသီးညှပ် စုပေါင်းစိုက်ပျိုးပွဲ၊ နွေစပါးစိုက်ပျိုးရန် စုပေါင်းထွန်ယက်ပွဲနှင့် နွေစပါး စုပေါင်းပျိုးကြဲစိုက်ပျိုးပွဲများ ကျင်းပကြသည်။ ခေါင်နှံ့သရုပ်ပြပွဲတွင် ကျေးရွာပေါင်းစုံမှ လေ့လာသူ တောင်သူလယ်သမားများ၊ ဒေသခံ တောင်သူလယ်သမားများ ယုံယုံကြည်ကြည်နှင့် စုံစုံညီညီ လာရောက်ကြသဖြင့် ဒေါင်းရေကျော်မြင်းကကုန်း ဆက်သွယ်ရေးတာလမ်းမကြီးတစ်လျှောက် စည်ကားစိုပြည်နေသည်။ လှုပ်လှုပ်ရှားရှား ရှိနေကြသည်။ သရုပ်ပြသပွဲကို မြင်းကကုန်းစံပြကျေးရွာ တောင်သူလယ်သမား ဦးစန်းလွင်၏ လယ်မြေ ကွင်းအမှတ်(၁၃၄၃) ဦးပိုင်အမှတ်(၂၉) လုပ်ကွက်ဧရိယာ ၁၀ ဒသမ ၂၇ ဧကတွင် ကျင်းပခြင်းဖြစ်သည်။

ခေါင်နှံ့စနစ်သရုပ်ပြပွဲမှာ နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။ အချိန်ရသေးသဖြင့် မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးဝင်းမြင့်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

လယ်ယာစိုက်ပျိုးသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုမှာ မျိုးစေ့ဟာ ဈေးအပေါဆုံး သွင်းအားစုဖြစ်ပါတယ်။ သီးနှံ့အထွက်နှုန်းကို အဆုံးအဖြတ်ပေးတာလည်း အဲဒီမျိုးစေ့ပါပဲ။ ဒါကြောင့် အထွက်နှုန်းကို အဆုံးအဖြတ်ပေးတဲ့ မျိုးဗီဇနှင့်ပတ်ဝန်းကျင်မှာ မျိုးဗီဇသန့်စင်မှုဟာ အရေးအကြီးဆုံးပါပဲ။ မျိုးဗီဇတည်ငြိမ်ပြီဆိုရင် သီးနှံ့အထွက်နှုန်း ငါးဆယ်ရာခိုင်နှုန်း ထွက်ရှိမှာသေချာပါတယ်။ နိုင်ငံတော်အနေနဲ့လည်း မျိုးကောင်းမျိုးသန့် မျိုးစေ့အသုံးပြုစိုက်ပျိုးဖို့နဲ့ စပါးအထွက်နှုန်းတိုးတက်ရေးကို အားပေးနေပါတယ်။ သီးနှံတစ်ခုတွင် အသုံးပြုတဲ့ မျိုးစေ့ကို တောင်သူလယ်သမားများအနေနဲ့ နှစ်စဉ်ဆက်တိုက် စိုက်ပျိုးသွားမယ်ဆိုရင် မျိုးဗီဇညံ့ဖျင်းကာ သီးနှံ့အရည်အသွေးဆုတ်ယုတ်ပြီး အထွက်နှုန်းကျဆင်းစေပါတယ်။ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များကို သုံးနှစ်လျှင်တစ်ကြိမ် သွေးသစ်လောင်း အစီအစဉ်ချကာ ပြောင်းလဲစိုက်ပျိုးရမှာ ဖြစ်ပါတယ်။

"ဒီနေ့ခေါင်နှံ့စနစ် နည်းပညာပေးပြပွဲဟာ တောင်သူလယ်သမားများရဲ့ လိုအပ်ချက်ကွက်လပ်တစ်ခုကို ဖြည့်စွမ်းပေးရာ ရောက်ပါတယ်။ စပါးအထွက်နှုန်း တိုးတက်ထွက်ရှိမှာဖြစ်တဲ့အပြင် တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားလည်း ဖွံ့ဖြိုးတိုးတက်စေပါတယ်" ဟု အားပါးတရ ရှင်းလင်းပြောပြသည်။

နံနက် ၈ နာရီတွင် မြင်းကကုန်း စံပြကျေးရွာ တောင်သူလယ်သမား ဦးစန်းလွင်၏ လယ်ယာစိုက်ကွင်း အတွင်း ခေါင်နှံ့စနစ်သရုပ်ပြပွဲ စတင်ကျင်းပသည်။ သရုပ်ပြပွဲသို့ ပီသာ၊ ကွမ်းခြံကုန်း၊ ဂုံညှင်းတန်း၊ လင်းဆွဲ မဲဇလီ၊ တန့်ငူ၊ ရေလိန်နှင့် ဒေါင်းရေကျော် မြင်းကကုန်းကျေးရွာအုပ်စုများမှ စိတ်ပါဝင်စား တက်ကြွသူ တောင်သူလယ်သမား ၂၄၀ တက်ရောက်လေ့လာကြည့်ရှု နည်းပညာ ရယူကြသည်။

အောင်မြင်ဖြစ်ထွန်းနေသော ဦးစန်းလွင်၏ စံပြနွေစပါးစိုက်ခင်းအား တစ်မျှော်တစ်ခေါ် တွေ့မြင်ရစဉ်။

ထိုအချိန်တွင် မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးဝင်းမြင့်က စာရေးသူဘက်လှည့်ပြီး သတင်းအဖွဲ့ မြင်တယ်နော်။ အခုပြသနေတဲ့ မြင်ကွင်းက ခေါင်နှံ့စနစ်သရုပ်ပြမြင်ကွင်းပါ၊ အလျား ၈၂ ပေ၊ ထိပ်ဝ ၃ ပေရှိတယ်။ ပေါင်ပေါ်မှာ လေးလက်မစီခြားပြီး တစ်လက်မအနက် စိုက်မြောင်း ၁၂၅ မြောင်း အရာပေးထားတယ်လေ။ ဟောဟိုက မြောင်းရာလေးတွေ တွေ့တယ်မဟုတ်လား။

အဲဒီ စိုက်မြောင်းတစ်ခုစီအထဲမှာ ခေါင်နှံ့နှစ်ခုကို အရိုးချင်းဆိုင် ချနိုင်ဖို့အတွက် ခေါင်နှံ့ ၅၀၀ ရွေးချယ်ထားရပါမယ်။ အဲဒီ ခေါင်နှံ့ ၅၀၀ ထဲက အရွယ်အစားအကြီးဆုံး၊ အောင်စေ့အများဆုံး၊ ရောဂါအကင်းဆုံး ခေါင်နှံ့ ၂၅၀ ကို အပြီးသတ်ရွေးချယ်ပြီး စိုက်မြောင်းထဲမှာ ချရပါမယ်။ ခေါင်နှံ့ဆိုင်ချပြီးရင် ခေါင်နှံ့များကို မြေဖြင့် အသာအယာ ဖုံးပေးရပါမယ်။ ခေါင်နှံ့နည်းပညာသရုပ်ပြပွဲတွင် စိုက်နည်းစနစ်တစ်ဆင့်ပြီးတစ်ဆင့် သရုပ်ပြသကြရာ လေ့လာသူ တောင်သူလယ်သမားများ အထူးစိတ်ဝင်စားကြသည်။ ခေါင်နှံ့စိုက်ပျိုးနည်းပညာမှာ မခက်လှပါ။ အတွေ့အကြုံရင့်ကျက်ကြသော လေ့လာသူ တောင်သူလယ်သမားများအတွက် လွယ်လွယ်လေးနှင့် မျိုးကောင်းမျိုးသန့်၊ မျိုးစေ့ မွေးမြူစိုက်ပျိုးနည်းပညာသစ် တစ်ခု ရရှိလိုက်ခြင်းပင် ဖြစ်ပါသည်။ ခေါင်နှံ့စနစ် စိုက်ပျိုးနည်းပညာများကို စိုက်ကွင်းအတွင်း၌ပင် မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယမန်နေဂျာ ဦးသန့်ဇင်နှင့် စိုက်ပျိုးရေးစခန်း နယ်မြေတာဝန်ခံ ဦးမြင့်စိန်တို့က ဤသို့ ဆက်လက်ရှင်းလင်း ပြောပြကြသည်။

"ခေါင်နှံ့များကို မြေဖြင့်အသာအယာ ဖုံးပြီးပြီဆိုရင် ရေမပြတ်စေရေးနဲ့ ပိုးမွှား ကျရောက်မှုမရှိရေးအတွက် ဆက်လက်ထိန်းသိမ်းရပါတယ်။ ပျိုးသက် ၂၀-၂၅ ရက်မှာတော့ ခေါင်နှံ့တစ်နှံ့စီမှ အသန်ဆုံးပျိုးပင် ၃၀-၅၀ကို ရွေးပြီး လက်သပ်ပျိုးနုတ်ရပါတယ်။ တစ်နှံ့လျှင် ပျိုးတစ်စည်းစီစည်းပြီး တစ်နှံ့မှ အသန်ဆုံးပျိုးပင် ၃၀ကို ထပ်ရွေးချယ်ကာ ၁၀×၁၀ လက်မခြား စိုက်ပျိုးရပါမယ်။ ခေါင်နှံ့ ၂၅၀ စိုက်တန်းမှ ၁၂၅-၂၅၀ စိုက်ပျိုးခြင်းဖြင့် ပျိုးပင် ၃၇၅၀-၇၅၀၀ အတွက် စိုက်ဧရိယာ သုညဒသမ ၀၆ ဧကမှ သုညဒသမ ၁၂ ဧက လိုအပ်မည်ဖြစ်ပါတယ်။ ခေါင်နှံ့စိုက်ခင်းတွင် ပိုးမွှားရောဂါနှင့် ပေါင်းမြက်ကင်းစင်အောင် ဂရုစိုက်ရပါတယ်။ မျိုးကွဲအပင်များ၊ ညီညာမှုမရှိသောအပင်များ ဖယ်ရှားခြင်း၊ နုတ်ပယ်ခြင်းကို ၂၅ ရက် မှိုကပ်ချိန်၊ ခေါင်နှံ့ထွက်ပန်းပွင့်ချိန်နဲ့ ရင့်မှည့်ချိန်တို့တွင် မဖြစ်မနေ လေ့လာဆောင်ရွက်ရပါတယ်။ တစ်ပင်ချင်း(သို့မဟုတ်) အတန်းလိုက်စနစ်အရ တူညီမှုမရှိတာတွေကို ဖယ်ရှားပစ်ရပါတယ်။ ရိတ်သိမ်းချိန်တွင် သန့်စင်ပြီး စပါးများအား စုပေါင်းရိတ်သိမ်း ခြွေလှေ့သန့်စင်ပြီးပြီဆိုရင် မျိုးကောင်းမျိုးသန့် မျိုးစေ့အဖြစ် သိမ်းဆည်းထားရမှာဖြစ်ပါတယ်"ဟု ရှင်းလင်းပြောပြသည်။

ခေါင်နှံ့စိုက်စနစ် သရုပ်ပြသပွဲအပြီးတွင် သတင်းအဖွဲ့က လေ့လာသူ တောင်သူလယ်သမားများထဲမှ မြင်းကကုန်းကျေးရွာမှ စံပြတောင်သူလယ်သမားဦးစိုးသိန်း၊ ကွမ်းခြံကုန်းကျေးရွာမှ စံပြတောင်သူလယ်သမား ဦးသန်းအေးနှင့် လင်းဆွဲမဲဇလီကျေးရွာမှ စံပြတောင်သူလယ်သမား ဦးသိန်းထွန်းတို့နှင့် တွေ့ဆုံပြီး ခေါင်နှံ့စိုက်ပျိုးနည်းပညာသစ်အပေါ် သူတို့အမြင် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

"ခေါင်နှံ့စိုက်ပျိုးနည်းပညာကတော့ သိပ်ကောင်းတဲ့နည်းပါပဲ၊ လယ်သမားအတွက်အရေးအကြီးဆုံးက မျိုးကောင်း မျိုးသန့် မျိုးစေ့ပါ။ ခေါင်နှံ့စနစ်ကို လယ်သမားတွေ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ကြပြီဆိုရင် မျိုးကောင်းမျိုးသန့် မျိုးစေ့အတွက် ဘာမှ ပူစရာမလိုတော့ပါဘူး။ စပါးအထွက်နှုန်းအတွက်လည်း စိတ်ချရပြီလို့ ပြောရင်ရပါတယ်။ ကျွန်တော်တို့လည်း ဒီသရုပ်ပြပွဲက နည်းပညာရယူပြီး ခေါင်နှံ့နည်းစနစ်နဲ့ စိုက်ပျိုးသွားကြမှာပါ"ဟု သူတို့အမြင်ကို ရှင်းလင်းပြောပြသွားကြသည်။

ခေါင်နှံ့စနစ်စိုက်ပျိုးသရုပ်ပြပွဲ ကျင်းပပြီးစီးသွားသော်လည်း လေ့လာသူ တောင်သူလယ်သမားများမှာ စိုက်ကွင်းထဲမှ မပြန်ကြသေး။ စိုက်စနစ်ပြသထားသော စိုက်ကွင်းအတွင်း လေ့လာကြည့်ရှုနေဆဲပင်။ အချိန်မှာ နံနက် ၁၁နာရီရှိပြီဖြစ်သည်။ တရှိန်ရှိန်တက်လာသော ဆောင်းတွင်းနေပူရှိန်မှာ ပူပြင်းလှပါဘိ။ စိုက်ပျိုးပြီး နွေစပါးခင်းများဆီမှ ဖြတ်သန်းယူဆောင်လာသော လေနုအေးကလေးများ၏ ထွေးပိုက်မှုကြောင့် အပူဒဏ်မှ သက်သာခွင့်ရရှိခဲ့သည်။

သတင်းအဖွဲ့မှာ ဒေါင်းရေကျော် မြင်းကကုန်းကျေးရွာအုပ်စု၏ နွေစပါး စိုက်ပျိုးမှုကိုလည်း သိရှိလိုသဖြင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသန်းနိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"ကျွန်တော်တို့ ကျေးရွာအုပ်စုက နွေစပါး ဧက ၁၂၀၀စိုက်ပျိုးဖို့ လျာထားသတ်မှတ်ထားတဲ့အနက် ဇန်နဝါရီ ၆ရက်အထိ နွေစပါး ၁၁၂၀ ဧက စိုက်ပျိုးပြီးသွားပါပြီ။ ဇန်နဝါရီ ၁၅ရက်မှာ နွေစပါး ဧက ၁၂၀၀ ထက် ကျော်လွန်အောင် စိုက်ပျိုးသွားမှာပါ။ မြို့ထွက်စံပြကျေးရွာဖြစ်လို့ စံပြကျေးရွာ အင်္ဂါရပ်နဲ့အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပါတယ်။ ကျေးရွာချင်းဆက် လမ်းပန်းဆက်သွယ်ရေးကိုလည်း ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမှာပါ"ဟု ရှင်းလင်းပြောပြသည်။

ဆက်လက်ပြီး သတင်းအဖွဲ့သည် သရုပ်ပြစိုက်ကွင်းပိုင်ရှင် တောင်သူလယ်သမားဦးစန်းလွင်နှင့် မပြန်မီ အချိန်ကလေးတွင် နောက်ဆုံးတွေ့ဆုံမေးမြန်းခဲ့သည်။ "ကျွန်တော်ကတော့ ကျွန်တော့်လယ်ယာ စိုက်ကွင်းမှာ တောင်သူလယ်သမားအကျိုးပြု ခေါင်နှံ့စိုက်ပျိုးနည်းပညာသစ် သရုပ်ပြ ကျင်းပခွင့်ရလို့ ဝမ်းသာမိပါတယ်။ ခေါင်နှံ့စိုက်စနစ်ကနေ လယ်သမားများအတွက် မျိုးကောင်းမျိုးသန့် မျိုးစေ့ရမှာမို့ လာမယ့်နှစ်မှာ ကျွန်တော်လည်း မျိုးကောင်းမျိုးသန့် မျိုးစေ့အတွက် ပူစရာမလိုတော့ပါဘူးဗျာ"ဟု ရှင်းလင်း ပြောပြသည်။

လေ့လာသူ တောင်သူလယ်သမားများမှာ မွန်းတည့် ၁၂ နာရီတွင် မြင်းကကုန်းစံပြကျေးရွာ ဆိပ်ကမ်းတံတားမှ ရေယာဉ်များဖြင့် မိခင်ကျေးရွာများသို့ ပြန်လည်ထွက်ခွာသွားကြပြီဖြစ်သည်။ သူတို့၏မျက်နှာပြင်ပေါ်တွင် အားအင်ပြည့်ဖြိုးမှုနှင့် ရွှင်လန်းတက်ကြွမှုများ တစ်ပြိုင်တည်း ပေါ်လွင်နေသည်ကို စာရေးသူ တွေ့မြင်လိုက်ရသည်။

ခေါင်နှံ့စိုက်ပျိုး နည်းပညာသစ် မကြာမီ မြန်မာပြည်တစ်ဝန်း ပျံ့နှံ့ရောက်ရှိလျက် လယ်ယာကဏ္ဍ မျက်နှာစာမှ အောင်ပွဲသစ်များ ရရှိပါကြောင်း စေတနာမွန်ဖြင့် ရေးသားလိုက်ရပါသည်။ ။

❖ ရွှေဖုံးမှ

ယခုလုပ်ဆောင်ခဲ့သည့် ကြက်ဥမှထုတ်လုပ်သော မြွေပွေးဆိပ်ဖြေဆေးကို ၂၀၀၂ ခုနှစ်ကတည်းက စတင်၍ သုတေသနပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံမှ ထုတ်လုပ်သည့် မြွေပွေးဆိပ်ဖြေဆေးမှာ မြင်း၏ သွေးရည်ကြည်မှ တစ်ဆင့် ထုတ်လုပ်ရခြင်းဖြစ်၍ ကုန်ကျစရိတ်ကြီးမားလှသည်။

ယခုအခါ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားမှု၊ ဒုတိယဝန်ကြီးများ၏ ကြီးကြပ်ဆောင်ရွက်မှုတို့ဖြင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)သည် ကြက်ဥမှ မြွေပွေးဆိပ်ဖြေဆေးထုတ်လုပ်သည့် နည်းပညာကို ဖော်ထုတ်လုပ်ဆောင်နိုင်ခဲ့ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ချမှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်ခဲ့သည်။

၂၀၀၈ ခုနှစ်တွင် ကြက်ဥနှစ်မှထုတ်လုပ်သည့် မြွေပွေးဆိပ်ဖြေဆေး၏ အန္တရာယ်ကင်းရှင်းမှု (Safety Test)ကို စမ်းသပ်ခဲ့ရာ ဘေးထွက်ဆိုးကျိုး မရှိကြောင်း တွေ့ရှိခဲ့သည်။ ပိုးမွှားကင်းစင်ကြောင်း (Sterility)၊ မြွေဆိပ်အပေါ် ချေဖျက်နိုင်စွမ်းရှိကြောင်း (Efficacy)နှင့် တုန်ချမ်းခြင်း(Pyrogenicity) ကင်းစင်ကြောင်းကိုလည်း ဓာတ်ခွဲခန်းတွင် အဆင့်ဆင့် စမ်းသပ်ထားပြီးဖြစ်သည်။

၂၀၀၉ ခုနှစ် နှစ်ဦးပိုင်းတွင် မြွေပွေးကိုက် လူနာအပေါ် ကုသရန်အတွက် Protocol များ ရေးဆွဲပြီး နိုင်ငံတကာစံချိန်စံညွှန်းအတိုင်း အပြည်ပြည်ဆိုင်ရာ သုတေသနကျင့်ဝတ်နှင့်အညီ ကျွမ်းကျင်သည့် သမားတော်သုတေသီများကိုယ်တိုင် မြွေကိုက်လူနာများသော မြို့နယ်ဆေးရုံများ၌ စမ်းသပ်ကုသရာ မြွေကိုက်လူနာများအား အသက်ကယ်နိုင်သည့် အောင်မြင်မှုများရရှိခဲ့သည်။

မကြာမီတွင် ကြက်ဥမှထုတ်လုပ်သော မြွေပွေးဆိပ်ဖြေဆေးကို အမြောက်အမြား ထုတ်လုပ်သွားမည်ဖြစ်သည်။ ယင်းမြွေဆိပ်ဖြေဆေး၏ အားသာချက်များမှာ စရိတ်စက သက်သာမှုရှိခြင်း၊ နည်းပညာများမှာ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ စနစ်တကျ ထုတ်လုပ်ထားခြင်းနှင့် အာနိသင်ထက်မြက်ခြင်းရှိသည့်အတွက် မြွေကိုက်လူနာများအပေါ် ထိရောက်ပျောက်ကင်းမှုရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✳ ကျောဖုံးမှ

သင်္ကြန်ရက်များနှင့် နှစ်ဆန်းတစ်ရက်တွင် မိသားစု တစ်ပိုင်တစ်နိုင် မုန့်များလုပ်ကာ တစ်အိမ်နှင့်တစ်အိမ် အပြန်အလှန် ပေးဝေမှုမှသည် အုန်းလက်မဏ္ဍပ်များထိုးကာ လမ်းအလိုက်၊ ရပ်ကွက်အလိုက် သင်္ကြန်ထမင်း၊ မုန့်လုံးရေပေါ်၊ မုန့်ကြာစေ့၊ ကောက်ညှင်းပေါင်း၊ ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ သာဂူ၊ ကြာဆံချက်၊ ကျောက်ကျော စသော မြန်မာ့အာဟာရ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသည်မှာ မြန်မာတို့၏ ချစ်စရာကောင်းသော ဓလေ့တစ်ခုပင်ဖြစ်သည်။

ယခုကာလ သင်္ကြန်ရက်များအတွင်း အသုံးပြုမည့် မီးဖိုချောင်သုံး စားသောက်ကုန်နှင့် အလှူဒါနအာဟာရပစ္စည်းများ ဝယ်ယူစုဆောင်းကြသော ကာလလည်းဖြစ်ပေရာ ယနေ့စားသောက်ကုန်တို့၏ ဈေးနှုန်းများကိုတင်ပြနိုင်ရန် ကြေးမုံသတင်းအဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ သီရိမင်္ဂလာဈေးကြီး၊ ထီးတန်းဈေးကြီး၊ ဗားကရာ အုန်း၊ ငှက်ပျော၊ ကြံဒိုင်များသို့ စနည်းနာ ထွက်ခဲ့ကြသည်။

အုန်း၊ ငှက်ပျော၊ ကြံဒိုင်အတွင်း ဒိုင်ဥက္ကဋ္ဌ ဦးအောင်ဒင်က “အရင်လတွေက အရောင်းအဝယ်အေးသလောက် အခု သင်္ကြန်အကြိုကာလမှာ ပိုပြီးအရောင်းအဝယ်တွေ သွက်တာတွေကို ပြောပြချင်လို့”ဟု မိတ်ဆက်စကားဆိုသည်။

၎င်းက ဆက်လက်၍ ဇန်နဝါရီလနောက်ပိုင်းကတည်းက အရောင်းအဝယ်တွေ ပြန်ကောင်းလာကြောင်း၊ နာဂစ်ဖြစ်တဲ့ ဒေသအားလုံးက အုန်း၊ ငှက်ပျော၊ ကြံ စသော ကုန်များလည်း အဆက်မပြတ် ဝင်လာသည့်အပြင် ၎င်းဒေသ၏ မြို့နယ်အဖွဲ့အစည်းများနှင့် စိုက်ပျိုးရေးဌာနများ၏ ကူညီပံ့ပိုးမှုကြောင့် ယခင်ကထက်ပင် အသီးအနှံများ ပိုမိုကြီးထွား အောင်မြင်လာကြကြောင်းနှင့် ယနေ့ အုန်း၊ ငှက်ပျောတို့၏ ပေါက်ဈေးကို သိခဲ့ရသည်။

ပင်လယ်အုန်း(အခွံကျွတ်) တစ်လုံးလျှင် ကျပ် ၂၅၀ မှ ၃၅၀၊ မြောင်းမြ၊ ပုသိမ်၊ ချောင်းသာ အုန်း(အခွံကျွတ်) တစ်လုံးလျှင် ကျပ် ၁၅၀ မှ ၃၀၀၊ ဆွဲအုန်း၊ ပွဲအုန်း တစ်လုံး ကျပ် ၃၀၀ မှ ၅၀၀၊ ရေဖီးကြမ်းတစ်ဖီး ကျပ် ၃၀၀ မှ ၇၀၀၊ တွံတေး၊ ဒေးဒရဲ၊ ကျိုက်လတ် တစ်ဖီး ကျပ် ၄၀၀ မှ ၉၀၀၊ သီးမွှေးငှက်ပျောသီးများ ပြည်၊ တောင်ငူ၊ ဇရပ်ကြီးတို့မှ နေ့စဉ် အင်နှင့်အားနှင့် ဝင်နေကြသည့်အတွက် တစ်ဖီး ကျပ် ၂၅၀ မှ ၅၀၀၊ ရခိုင်ငှက်ပျောသီး (ရေသီး) တစ်ဖီးကျပ် ၁၅၀ မှ ၄၀၀ ထိ ရှိကြောင်း သိခဲ့ရသည်။

ဆက်လက်၍ ကြေးမုံသတင်းအဖွဲ့သည် သီရိမင်္ဂလာဈေးကြီး၏ ဈေးတာဝန်ခံ ဦးမျိုးဝင်း၏ ကူညီပံ့ပိုးမှုဖြင့် ဈေးအတွင်းလှည့်လည်၍ ဓာတ်ပုံရိုက်၊ ဈေးစနည်းနာခဲ့သည်။ ငါးခြောက်တန်း၊ ကုန်ခြောက်တန်းတို့တွင် သင်္ကြန်ကာလ အလှူဒါနပြုကြသူ၊ အိမ်စားသုံးရန် ကြိုတင်ဝယ်လိုသူများဖြင့် စည်ကားနေသည်ကို တွေ့လိုက်ရသည်။

ငါးရံ့ခြောက်(အပြား) တစ်ပိဿာ ကျပ် ၅၅၀၀ မှ ၁၂၀၀၀၊ ငါးရံ့ခြောက် (အလုံး) တစ်ပိဿာ ကျပ် ၇၀၀၀ မှ ၈၀၀၀၊ အာပြဲခြောက် တစ်ပိဿာ ကျပ် ၃၀၀၀ မှ ၆၀၀၀၊ ငါးနီတူခြောက် (ရခိုင်ခြောက်) တစ်ပိဿာကျပ် ၂၀၀၀ မှ ၃၀၀၀၊ ငါးကွမ်းရှပ်ခြောက် တစ်ပိဿာကျပ် ၆၅၀၀ မှ ၁၀၀၀၀၊ ကက္ကူရံခြောက် တစ်ပိဿာကျပ် ၈၅၀၀ မှ ၁၀၀၀၀၊ ပုစွန်ခြောက် တစ်ပိဿာကျပ် ၆၀၀၀ မှ ၁၂၀၀၀ထိ ဈေးရှိကြောင်း သိရသည်။

ရန်ကုန်မြို့၏ နံနက်ခင်းဈေးများတွင် ဈေးတန်း အရှည်လျားဆုံးဖြစ်သည့်အပြင် ကုန်ပစ္စည်းများ စုံခြင်း၊ ဈေးသက်သာခြင်း၊ အလေးတင်းတောင်း မှန်ကန်ခြင်း၊ ဈေးလမ်းသန့်ရှင်းခြင်း၊ ရောင်းသူတို့ စနစ်ကျခြင်းနှင့် ဆက်ဆံရေးကောင်းမွန်ခြင်းတို့ကြောင့် အနီးမြို့နယ်များမှ အိမ်ရှင်မအချို့ပင် ဈေးဆင်းဝယ်နေကြကြောင်း နာမည်ကြီးနေသည့် ထီးတန်းဈေးကြီးသို့ ကြေးမုံသတင်းအဖွဲ့ ခရီးဆက်ခဲ့ကြပြန်သည်။

ဈေးခြင်းတောင်းကြီးကတစ်ဖက်၊ အခြားလက်တွင် အထုပ်များက တစ်ဖက်ဖြင့် ဈေးကထွက်လာသော အမျိုးသမီးငယ်တစ်ဦးသို့ ချဉ်းကပ်၍ မေးကြည့်ရာ “ကျွန်မနာမည်က ပြည့်ဖြိုးဝင်းပါ။ လမ်းမတော်မြို့နယ်မှာနေပါတယ်။ ဒီဈေးက

သီရိမင်္ဂလာဈေး ငါးခြောက်တန်းတွင်လည်း သင်္ကြန်အကြိုဝယ်သူများဖြင့်။

ဈေးလဲသက်သာတယ်။ ဝယ်လို့လဲကောင်းတဲ့အပြင် ကားထားဖို့နေရာလဲ အဆင်ပြေလို့ တစ်ပတ်တစ်ခါ လာဝယ်ဖြစ်ပါတယ်”ဟု ဆိုလိုက်သည့်အတွက် ယခင်ကြားခဲ့ရသော ဈေးသတင်းသည် ဟုတ်လေစွဟု စိတ်ထဲကပင် မှတ်ချက်ချမိသည်။

ဈေးအတွင်း အရောင်းအဝယ်ဖြင့် စည်ကားနေသော ကိုသန်းအောင်၊ မသန်းသန်းဝင်း ကုန်ခြောက်ဆိုင်သို့ဝင်၍ အရောင်းအဝယ် အလုပ်များနေသည့်ကြားကပင် သိလိုသည်တို့အား မေးမိသည်။

“အရောင်းအဝယ်တွေ ဒီရက်ထဲ အတော်အလုပ်ဖြစ်ပါတယ်။ အရင်လတွေ အရောင်းအဝယ်အေးသလောက် အခုအရောင်းအဝယ်ပြန်လိုက်လာတယ်။ သင်္ကြန်အတွက် ကြိုဝယ်နေကြတာတွေလေ”ဟု ဆိုလိုက်သဖြင့် အလှူဒါနနှင့် ဆက်စပ်သော ပစ္စည်းဈေးနှုန်းတို့ကို မေးမိသည်။ ကောက်ညှင်းဆန် တစ်ပြည် ကျပ် ၁၀၀၀၊ ကောက်ညှင်းဆန် (ဆန်ကွဲ) တစ်ပြည် ကျပ် ၅၀၀၊ ဆန်ကြမ်း (ငစိန်) တစ်ပြည် ကျပ် ၅၀၀၊ သာဂူ တစ်ပိဿာကျပ် ၈၀၀၊ သကြား(အဖြူ) တစ်ပိဿာ ကျပ် ၇၀၀၊ (အညို) တစ်ပိဿာ ကျပ် ၆၀၀၊ ထန်းလျက် (မုန့်လုပ်) တစ်ပိဿာ ကျပ် ၇၀၀၊ (အဖြူ) တစ်ပိဿာ ကျပ် ၆၅၀၊ ကျောက်ကျော အာဂါး ကျပ် ၆၅၀၊ တယ်လီဖုန်း (အကြီး) ကျပ် ၁၆၀၀၊ (အသေး)ကျပ် ၈၀၀၊ ဘုံကျောင်း ကျပ် ၈၀၀၊ နို့ဆီ (Dawn) တစ်လုံး ကျပ် ၆၀၀၊ Happy Cow ကျပ် ၇၀၀၊ One Tea ကျပ် ၆၂၀၊ နို့စိမ်း တစ်လုံး ကျပ် ၇၀၀၊ ဆန်ကြာဆံသရဖူ(အကြီး) ကျပ် ၅၀၀၊ (အသေး) ကျပ် ၂၅၀၊ ဘဲ(အကြီး) ကျပ် ၅၅၀၊ (အသေး) ကျပ် ၃၀၀၊ ပဲကြာဆံ(မွှေး) ကျပ် ၃၀၀၊ မုန့်လက်ဆောင်းဖတ် (မောင်းထောင်ချိုင့်တစ်လုံး) ကျပ် ၆၅၀ ဖြစ်ကြောင်း သိရသည်။

ဈေးအတွင်း ဝယ်သူများထံမှ ကုန်ခြောက်နှင့် ဆန်၊ ဆီဈေးတို့ကို မေးကြည့်ရာ ပဲဆီ(ရှယ်) တစ်ပိဿာ ကျပ် ၂၇၅၀ မှ ၂၉၀၀၊ (ရိုးရိုး) ကျပ် ၂၅၀၀ မှ ၂၆၀၀၊ စားအုန်းဆီ တစ်ပိဿာ ကျပ် ၁၇၀၀မှ ၁၈၅၀၊ ကြက်သွန်နီ (မြစ်သား) တစ်ပိဿာ ကျပ် ၈၅၀ မှ ၉၀၀၊ (ရှမ်း) တစ်ပိဿာ ကျပ် ၄၀၀ မှ ၅၀၀၊ အာလူး တစ်ပိဿာ ကျပ် ၇၀၀မှ ၈၀၀၊ ငရုတ်သီးပု တစ်ပိဿာ ကျပ် ၄၀၀၀မှ ၄၄၀၀၊ ပဲနီလေး တစ်ပိဿာ ကျပ် ၄၀၀၀၊ ပဲဝါလေး တစ်ပိဿာ ကျပ် ၂၀၀၀၊ ကုလားပဲ တစ်ပိဿာ ကျပ် ၁၀၀၀ ထိ ဈေးရှိကြောင်း ကြားသိခဲ့ရသည်။

ထို့မှတစ်ဆင့် မော်မော်စန်းဆန်ဆိုင်သို့ ရောက်ခဲ့သည်တွင် ပေါ်ဆန်းမွှေး (ရှယ်) တစ်ပြည် ကျပ် ၁၀၀၀၊ တစ်အိတ် ကျပ် ၂၃၀၀၀၊ ပေါ်ဆန်းမွှေး(လတ်) တစ်ပြည် ကျပ် ၉၀၀၊ တစ်အိတ် ကျပ် ၂၁၀၀၀၊ ပေါ်ကျွဲ(ရှယ်) တစ်ပြည် ကျပ် ၇၀၀၊ တစ်အိတ် ကျပ် ၁၆၀၀၀၊ ပေါ်ကျွဲ(လတ်) တစ်ပြည် ကျပ် ၆၀၀၊ တစ်အိတ် ကျပ် ၁၄၀၀၀၊ ဆန်ကြမ်း(ရှယ်) တစ်ပြည် ကျပ် ၆၀၀၊ တစ်အိတ် ကျပ် ၁၄၀၀၀ ဖြစ်ကြောင်း ကြားသိခဲ့ရသည်။

သို့ပါ၍ မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ်မှသည် ၁၃၇၁ ခုနှစ်သို့ ကူးပြောင်းသော (ဝါ) နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ကူးပြောင်းသော အခါသမယတွင် “ပြည်သူအားလုံး ကိုယ်စိတ်နှလုံး ရွှင်ပြုံးလျက် နည်းများမဟူ အလှူဒါနပြုနိုင်ကြပါစေ”ဟု ကြေးမုံအဖွဲ့က ဆုတောင်းမေတ္တာများပို့သလျက် သင်္ကြန်အကြိုကာလ စားသောက်ကုန်ဈေးကွက်အား ရေးသားကာ သတင်းဒါနပြုလိုက်ရပါသည်။ ။

သီရိမင်္ဂလာဈေး ကုန်ခြောက်တန်းမှာလည်း ရောင်းသူဝယ်သူများဖြင့် စည်ကားနေသည်။

ဗားကရာဆိပ် အုန်း၊ ငှက်ပျောဒိုင်တွင်လည်း အနယ်နယ်မှ အုန်းသီးများ ဤသို့ လှိုင်လှိုင်ဝင်နေကြသည်။

■ ဟာရီကိန်းမှ

စခန်းမှ ဧပြီ ၂၈ရက်တွင် လွှတ်တင်မည်ဖြစ်ကြောင်း အမေရိကန် ပင်လယ်သမုဒ္ဒရာနှင့် ကမ္ဘာ့လေထုလွှာ လေ့လာရေးဌာနအောက်ရှိ မုန်တိုင်းခန့်မှန်းရေးဌာန ညွှန်ကြားရေးမှူး ဂျိုးရှီဖာက ပြောကြားသည်။

ပြောကြား

အဆိုပါ ဂြိုဟ်တုသည် ကမ္ဘာမြေပြင်အထက် မိုင် ၂၂၀၀၀ အမြင့်ရှိ ပတ်လမ်းတွင်ရှိနေကာ ဟာရီကိန်းမုန်တိုင်းနှင့် သဘာဝဘေးအန္တရာယ် အမျိုးမျိုးနှင့် ပတ်သက်၍ ဂြိုဟ်တုဓာတ်ပုံများကို ပေးပို့မည်ဖြစ်ကြောင်း၊ မုန်တိုင်းတိုက်ခတ်မည့် အခြေအနေကို ခန့်မှန်းရာတွင် ထိရောက်မှုရှိအောင် ယင်းဂြိုဟ်တုက အထောက်အကူပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

GOES-O ဂြိုဟ်တုသည် လေယာဉ်ပျံများ၊ သင်္ဘောများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီက ပေးပို့သော ဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ သတင်းပေးပို့ချက်များကို ဖမ်းယူနိုင်ကြောင်း၊ ဟာရီကိန်းမုန်တိုင်းများ၊ လေဆင်နှာမောင်းနှင့် နှင်းမုန်တိုင်း တိုက်ခတ်မှုများနှင့်ပတ်သက်၍ ကြိုတင်သိရှိနိုင်ပြီး ကမ္ဘာ့မည်သည့်နေရာ၌ တောမီးလောင်ကျွမ်းနေသည်ကို ဖော်ထုတ်နိုင်ကြောင်း ရှီဖာက ပြောကြားသည်။

အမျိုးမျိုးခေါ်ဝေါ်

မုန်တိုင်းကြီးများကို အတ္တလန္တိတ်သမုဒ္ဒရာတွင် ဟာရီကိန်းမုန်တိုင်းဟု လည်းကောင်း၊ ပစိဖိတ်သမုဒ္ဒရာတွင် တိုက်ဖွန်းမုန်တိုင်းဟု လည်းကောင်း၊ အိန္ဒိယသမုဒ္ဒရာတွင် ဆိုင်ကလုန်းမုန်တိုင်းဟု လည်းကောင်း မုန်တိုင်းဖြစ်ပေါ်ရာနေရာဒေသကိုလိုက်၍ အမျိုးမျိုးခေါ်ဝေါ်သည်။

ဟာရီကိန်းမုန်တိုင်းဖြစ်ပေါ်စဉ် လေသည် တစ်နာရီလျှင် ပျမ်းမျှမိုင် ၁၅၀ သို့မဟုတ် မိုင် ၁၅၀ အထက် တိုက်ခတ်နိုင်သည်။

နှစ်စဉ် ဇွန်လမှ နိုဝင်ဘာလအတွင်း မြောက်အမေရိကတိုက် အရှေ့ဘက် ပင်လယ်ကမ်းရိုးတန်းဒေသ တစ်လျှောက်တွင် ဟာရီကိန်းမုန်တိုင်း ခြောက်လုံးခန့် ဖြစ်ပေါ်လေ့ရှိသည်။ အထူးသဖြင့် ကာရစ်ဘီယန်ပင်လယ် သို့မဟုတ် မက္ကဆီကိုပင်လယ်ကွေ့တို့တွင် ဟာရီကိန်း မုန်တိုင်းများ ဖွဲ့စည်းဖြစ်ပေါ်တတ်ကြောင်း သိရှိရသည်။

အင်တာနက်။

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

စားပြများ ပြန်ပေးဆွဲထားသည့် အမေရိကန် ကုန်တင်သင်္ဘော သင်္ဘောသားများက သင်္ဘောကိုပြန်ယူနိုင်၊ ရေယာဉ်မှူး အဖမ်းခံထားရ

ဘာသာပြန်-ဦးသန်း

ဝါရှင်တန် ဧပြီ ၉

အမေရိကန်အလံလွှင့်ထူထားသည့် ပြန်ပေးဆွဲခံရသော ကုန်သေတ္တာတင်သင်္ဘောပေါ်မှ သင်္ဘောသားများသည် ဆိုမာလီပင်လယ်ဓားပြများထံမှ သင်္ဘောကို ပြန်ယူနိုင်ခဲ့သော်လည်း သင်္ဘော၏ရေယာဉ်မှူးမှာ ပင်လယ်ဓားပြများ၏ လက်ဝယ်တွင် ဓားစာခံအဖြစ် အဖမ်းခံထားရကြောင်း သင်္ဘော၏ဒုတိယအရာရှိက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ထိုအချိန်မှာပင် အမေရိကန် ရေတပ်မှ ဖျက်သင်္ဘော ဘိန်းဘရေ့ဇ်နှင့် အခြားသင်္ဘောများသည် အခင်းဖြစ်ပွားရာ နေရာသို့ ဦးတည်လာလျက်ရှိကြောင်း၊ ကီလိုမီတာ ရာနှင့်ချီ၍ ဝေးနေဆဲဖြစ်ကြောင်း ပင်တဂွန်မှ တာဝန်ရှိသူများက ပြောကြားသည်။

အမေရိကန်သမ္မတ၏ နိုင်ငံခြားရေးမူဝါဒအကြံပေးပုဂ္ဂိုလ် ဒင်းနစ်မက်ဒိုးနပ်က သမ္မတ ဘားရက် အိုဘားမားသည် အခြေအနေကို နီးကပ်စွာ စောင့်ကြည့်အကဲခတ်လျက်ရှိသည်ဟု ပြောကြားသည်။

အဆိုပါကုန်သေတ္တာတင် သင်္ဘော မတ်အလာဘားမားပေါ်ရှိ သင်္ဘောသား ၂၀အနက်မှ ကင်ကွင်းဆိုသူ သင်္ဘောသားတစ်ဦးကို စီအင်န်အင်န်သတင်းဌာနက တယ်လီဖုန်းဖြင့် မေးမြန်းရာတွင် သင်္ဘောရေယာဉ်မှူးကို ၈ ဒသမ ၄ မီတာကျယ်သော အသက်ကယ်လှေပေါ်တွင် ဖမ်းဆီးထားကြောင်း ပြောကြားခဲ့သည်။

၎င်းတို့ကလည်း ပင်လယ်ဓားပြသုံးဦးကို သင်္ဘောပေါ်မှ ပစ်ချခဲ့ပြီး တစ်ဦး ဖမ်းဆီးထားရာ ရေယာဉ်မှူးနှင့် လဲလှယ်ရေးအတွက် စီစဉ်ခဲ့သည်ဟု ဆိုသည်။

သင်္ဘောသားများက ၎င်းတို့၏ အကျဉ်းသား ပင်လယ်ဓားပြတစ်ဦးကို လွှတ်ပေးခဲ့သော်လည်း ပင်လယ် ဓားပြများကမူ ရေယာဉ်မှူးကို လွှတ်မပေးဘဲ



ပင်လယ်ဓားပြများ၏ ဓားစာခံအဖြစ် ဖမ်းထားခြင်းခံရသော မတ်အလာဘားမားသင်္ဘော၏ ရေယာဉ်မှူး ရစ်ချတ်ဖိလစ်။

(ဓာတ်ပုံ-အင်တာနက်)

ကတိပျက်ခဲ့ကြသည်ဟု ကွင်းက ပြောသည်။

ပြောကြား

ပင်လယ်ဓားပြများသည် ကလပ်ချ်နီကော့ဗ် ချေမှုန်းရေး ရိုင်ဖယ်များ ကိုင်ဆောင်ထားကြပြီး သင်္ဘောသားများမှာ မည်သည့်လက်နက်မျှ မပါကြောင်း ကွင်းက ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်ရေတပ်က အက်ဖ်ဘီအိုင်အား ခေါ်ယူ၍ ပင်လယ်ဓားပြများလက်ဝယ်ရှိ ရေယာဉ်မှူးကို မည်သို့ ကယ်တင်ရမည်ဆိုခြင်းအား အကြံပေးရန် တောင်းခံလျက်ရှိကြောင်း ယနေ့ အင်တာနက် သတင်းတစ်ပုဒ်တွင် ရေးသားထားသည်။

တောင်းဆို

ရေယာဉ်မှူး ရစ်ချတ်ဖိလစ်အား အသက်အန္တရာယ် ကင်းရှင်းစွာဖြင့် လွှတ်မြောက်ရေးကို အဓိကထားပါရန် မက်သင်္ဘောကုမ္ပဏီက တောင်းဆိုလျက်ရှိသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်သည် ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်၊ ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးတို့နှင့် ဆွေးနွေးပြီးနောက် သတင်းထောက်များနှင့် တွေ့ဆုံ ရာတွင်

ဤဖြစ်စဉ်ကို အနီးကပ်စောင့်ကြည့်နေ

ကြောင်း၊ အသက်ကယ်လှေ ဆီကုန်သွား

သည်အထိ ဖြစ်ဖွယ်ရှိကြောင်း ပြောကြား

သည်။

မတ်အလာဘားမား သင်္ဘောသည်

ကင်ညာနိုင်ငံ မွန်ဘာဆာမြို့သို့ ခုတ်

မောင်းနေစဉ် ဆိုမာလီကမ်းခြေမှ

ကီလိုမီတာ ၅၀၀ ခန့်အကွာ၌ ဧပြီ ၈

ရက် (ဗုဒ္ဓဟူးနေ့)တွင် ပင်လယ်ဓားပြများ

စီးနင်းတိုက်ခိုက်မှု ခံခဲ့ရခြင်းဖြစ်သည်။

ဒို့ကျေးရွာဂျာနယ်

အတွဲ(၆) အမှတ်(၈) ထွက်ပြီ

ရန်ကုန် ဧပြီ ၉

နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ကူး

ပြောင်းသည့် မိဿရာသီ တန်ခူးလ

ချိန်ခါ၌ ကံ့ကော်ပန်း၊ ရင်ခတ်ပန်း၊

ပိတောက်ပန်းရနံ့တို့နှင့်အတူ နှစ်သစ်

ကိုကြိုဆိုလျက် ကျေးလက်နေပြည်သူတို့

အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊

ကျန်းမာရေးနှင့် ဗဟုသုတ အဖြာဖြာ

တို့ကို စုံလင်စွာ ဖော်ပြပေးနေသော

ဒို့ကျေးရွာဂျာနယ် အတွဲ(၆) အမှတ်(၈)

အား ၂၀၀၉ ခုနှစ် ဧပြီ ၁၅ ရက်တွင်

ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(အပေါ်ပုံ)**

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင်

ဘက်စုံအသုံးဝင် လဲမှိုပင်၊ စနစ်တကျ

စိုက်ပါ ရွှေရော်ဘာ၊ ကျောက်ဖရုံ စိုက်ပျိုး

ပြီး ဝင်ငွေရှာကြည့်ပါ စသည့် စိုက်ပျိုး

ရေး ဆောင်းပါးများ၊ နွားစက်ကြီး မှန်မှန်

လည်ဖို့၊ နို့ပိုဝက်ကလေးအတွက် အခက်

မတွေ့စေရေး၊ နို့စားနွားတွင်ဖြစ်ပွား

သည့် တီဘီနှင့် သားလျှော သားပျက်

ရောဂါ ကူးစက်တတ်၍ သတိပြုပါ

စသည့် မွေးမြူရေးဆောင်းပါးများ၊ ဆီးချို

ဝေဒနာရှင်များအတွက် အာဟာရဖြင့်

ထိန်းသိမ်းကုသနည်း၊ မိခင်နို့တိုက်ကျွေး

ခြင်းသည် အကောင်းဆုံး၊ ကျန်းမာစေ

သော တမာနှင့် ငွေရှင်စေသော ခံတက်

စသည့် အသိပညာပေး သုတ၊ ရသ

ဆောင်းပါးများ၊ ကျွန်တော့်အနုပညာကို

ချစ်ခင်ကြတဲ့ ပရိသတ်ကို အမြဲတမ်း

ချစ်ခင်လေးစားနေပါတယ်ဆိုတဲ့ သရုပ်

ဆောင် နေတိုးနှင့်တွေ့ဆုံခြင်း အနုပညာ

ဆောင်းပါး၊ နိုင်ငံတကာ အားကစား

သတင်းများ၊ ညောင်ပင်တစ္ဆေ ဝေလေ

လေ ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ

ကာတွန်း၊ ပုံပြင်၊ ဗေဒင်၊ မြန်မာဗီဒီယို

ဇာတ်လမ်းများနှင့် သတင်းအတိုအထွာ

များကို သုတ၊ ရသစုံလင်စွာ ဖော်ပြထား

သည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့

အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ

ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်

မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်

လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိ

နိုင်သည်။

ဒို့ကျေးရွာ ဂျာနယ်အတွက် စာမူနှင့်

ကြော်ငြာများကို အမှတ် (၂၂၈) သိမ်ဖြူ

လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့

ဖုန်း- ၂၀၁၉၃၆နှင့် ၃၇၁၃၄၂ တို့သို့

ဆက်သွယ်ပေးပို့နိုင်သည်။ (သတင်းစဉ်)

ဦးသုခစာကြည့်တိုက်သို့ သုတ၊ ရသ စာအုပ်စာစောင်များလှူဒါန်း

ရန်ကုန် ဧပြီ ၉

ရန်ကုန်မြို့ ရွှေပြည်စိုးစာပေတိုက် တာဝန်ခံဦးကျော်သူရ၏ ကြီးကြပ်စီစဉ်မှုဖြင့် ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် ဦးသုခစာကြည့်တိုက်သို့ သုတ၊ ရသ၊ စာအုပ်စာစောင်လှူဒါန်းပွဲကို မတ် ၁၆ ရက်က ကျင်းပရာ ရွှေပြည်စိုးစာပေတိုက်မှ ဦးကျော်စွာဝင်း (မောင်ကျော်စွာ ဒဂုံတက္ကသိုလ်)က သုတ၊ရသစာအုပ်စာစောင် ၅၀၀ ကို စာကြည့်တိုက်မှူး ဒေါ်ငွေငွေလှိုင်နှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဦးဇော်နိုင်ဝင်း(ဇော်နိုင်ဝင်းကျိုက်လတ်)ထံ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ကျိုက်လတ်မြို့နယ် ဇာတိသားစာရေးဆရာ၊ ဒါရိုက်တာ ဆရာကြီး ဦးသုခအား ဂုဏ်ပြုဖွင့်လှစ်ခဲ့သော ဦးသုခစာကြည့်တိုက်သို့ ဆရာကြီး ဦးသုခ မိသားစုက စာအုပ် ၉၆ အုပ်၊ ကျိုက်လတ်မြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးမောင်ညိမ်းက အုပ် ၄၀၊ ဆရာ ဦးချစ်နိုင် (စိတ်ပညာ)က အုပ် ၃၀၀၊ စာရေးဆရာမကြီး ဒေါ်စောမုံညင်းက အုပ် ၂၀၀၊ ဦးမောင်မောင်စိုးတင့်က အုပ် ၁၀၀နှင့် ဦးတင့်အောင်-ဒေါ်စန်းစန်းဝေ မိသားစုက ငွေကျပ်ငါးသိန်းမတည်၍ မြို့သူမြို့သားများ စုပေါင်းဖွင့်လှစ်ခဲ့သော အဆိုပါ စာကြည့်တိုက်သည် လေးနှစ်တာအတွင်း စာအုပ်စာစောင် ၄၀၀၀ ကျော် စုဆောင်းရရှိခဲ့သည်။ရွှေပြည်စိုးစာပေတိုက်နှင့် အလှူရှင်များက လစဉ်ပုံမှန်စာအုပ်စာစောင်များ ပေးပို့လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး စစ်ကိုင်းတိုင်း ကလေးမြို့နယ် မဏိပူရရေလှောင်တမံဘက်စုံစီမံကိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၉

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် မတ် ၃၀ ရက်တွင် စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးမြို့နယ် ဆည်တောကျေးရွာအနီးရှိ မဏိပူရရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်ခန်းမ၌ တာဝန်ရှိသူများက ရေလှောင်တမံ တည်ဆောက်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်နေမှုအခြေအနေနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ပင်မတမံတည်ဆောက်ခြင်း၊ ရေပိုလွှဲနှင့် ရေလွှဲဥမင်တည်ဆောက်ခြင်း လုပ်ငန်းခွင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် အင်းနက်ကျေးရွာအုပ်စု ရန်မျိုးအောင်-တမာခေါ ကျေးလက်ဂဝံလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးနိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးကိုကိုလေးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (၁၂၂)

လင်းရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ရန်ကုန် ဧပြီ ၉

သရက်ခရိုင် သရက်မြို့နယ် ရွှေပန်းကိုင်းကျေးရွာအုပ်စု ပေါက်ဖြူကျေးရွာ "လင်းရောင်ခြည်" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၁၀ ရက်က ကျင်းပရာ စာကြည့်တိုက် အဆောက်အအုံသစ်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးလှမြင့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေ၊ သရက်စာပေစာနယ်ဇင်းအဖွဲ့ဝင် ဦးအေးဝေ (အေးဝေသရက်)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(အပေါ်ပုံ)** ဖွင့်ပွဲအပြီးတွင် သရက်မြို့နယ် လူမှုရေးအသင်းအဖွဲ့၊စာပေစာနယ်ဇင်းအဖွဲ့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မကျီးရုံ ကျေးရွာစာကြည့်တိုက်၊ သဟာရစာကြည့်တိုက်တို့မှ သုတ၊ ရသ၊ မဂ္ဂဇင်း၊ ဂျာနယ် စုစုပေါင်း ၇၃၀ နှင့် ရွာသူ၊ ရွာသားများမှ အလှူငွေကျပ် ၆၀၀၀၀ ကို ပေးအပ် လှူဒါန်းခဲ့ကြသည်။ ယခုဖွင့်လှစ်သည့် အဆောက်အအုံမှာ ပေ ၂၀×၂၅ ပေ နှစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဇာတ်တိုက်လေ့ကျင့်

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးအတွက် သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် ဝန်ထမ်းများ ဈေးအကျိုးဆောင်အဖွဲ့များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မတ် ၂၄ ရက်က မြို့မဈေးကြီး မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၄-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေး တေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	မြန်မာသကြၤန်
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၀	၄။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၂၅	၅။	မဟာဂီတချိုကြည်မြ
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၅း၃၀	၈။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၅၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မြန်မာသကြၤန်
၆း၂၅	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၀	၁၄။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ကျွန်တော့်ချစ်သူ (အပိုင်း-၂၁)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	မြန်မာသကြၤန်
	၁၉။	စိုက်ပျိုးသုတ
	၂၀။	ရှင်သန်နေသော သီချင်းများ (**Living Songs**)
	၂၁။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - နှလုံးသားအလှသစ္စာတရား (အပိုင်း-၄၂)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြပွဲ အခမ်းအနားကို ဧပြီ ၃ ရက်က ရန်ကင်းစင်တာ၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မီးသတ်တပ်ဖွဲ့မှူး ရဲသူရိန်သိန်းမြင့်က မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောစဉ်။ (၃၅)

အင်းတော်မြို့နယ် ရန်ကင်းရွာ၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဧပြီ ၉

စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်မြို့နယ် မန်လည်ကျေးရွာအုပ်စု ရန်ကင်းကျေးရွာနေ ဒေါ်တင်လှိုင်၏ နေအိမ် မီးဖိုချောင် မီးကြွင်းမီးကျန်မှ မတ် ၂၆ ရက် ည ၉ နာရီတွင် စတင်မီးလောင်မှုဖြစ်ပွားရာ အိမ်ခြေ ၁၄ လုံး မီးလောင်သွားခဲ့ပြီး အိမ်ထောင်စု ၁၄ စုမှ မိသားစုဝင် ၈၆ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကာ တန်ဖိုးငွေကျပ်သိန်း ၁၈၀ ကျော်ဖိုး ဆုံးရှုံးသွားကြောင်း သိရသည်။

မီးလောင်မှုကို ကျေးရွာပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၁၁ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ (၂၃၃)

မီးသတိပြု

ကော့သောင်းခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့၏ ကြီးကြပ်စီစဉ်မှုဖြင့် ကော့သောင်းမြို့ရှိ ဈေးများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းကို မတ် ၂၇ ရက်က ကော့သောင်းမြို့ နန္ဒဝန်ဈေးရှေ့တွင် လက်တွေ့သရုပ်ပြဆောင်ရွက်ကြစဉ်။ (ခရိုင်ပြန်/ဆက်)

ကျေးလက်ရေပေးရေးဖွင့်

ရန်ကုန် ဧပြီ ၉

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သည့် မိုင်းနားကျေးရွာစိမ့်စမ်းရေ ပေးရေးဖွင့်ပွဲကို မတ် ၂၃ ရက် နံနက် ၈ နာရီက ကျင်းပရာ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူး ဦးအေးချိုနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ အင်အား ၅၀၀ခန့်တက်ရောက်ပြီး ဖွင့်ပွဲကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးငွေလွင်စိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ (မြို့နယ်စည်ပင်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

စာပေ၊ ဂီတ ပညာရှင်များအား ပူဇော်

ရန်ကုန် ဧပြီ ၉

၂၀၀၈ ခုနှစ် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆု ရွေးချယ်ချီးမြှင့်ခြင်းခံရသည့် ဂီတကြငှန်းပျော်များ စာအုပ်ရေးသားပြုစုသူ စာရေးဆရာ မျော်ဝန်းကြည်မြတ်က စာပေဂီတ ပညာရှင်ကြီးများအနက် သက်ရှိထင်ရှားဖြစ်သော အမျိုးသားစာပေဆုရ ဆရာ ဗိုလ်ကလေးတင့်အောင်နှင့် လူမှုထူးချွန် ပထမဆင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ရ အဆိုကျော် ဦးထွန်းရွှေ တို့အား ဂါရဝပြုပူဇော် ကန်တော့သည့် အခမ်းအနားကို ဧပြီ ၆ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ စီးတီးစတားဟိုတယ် ပထမထပ်၌ ကျင်းပကြောင်း သိရသည်။

(၃၁)

T. HOME ရန်ကုန်သကြံ်န်မဏ္ဍပ်တွင် နာမည်ကျော်အဆိုတော်များ ဖျော်ဖြေကြမည်

ရန်ကုန် ဧပြီ ၉

Sony, LG, T-Home Electronic Product များနှင့် INAX ကျောက်ပြားနှင့် ရေချိုးခန်းသုံးပစ္စည်းများ ဖြန့်ချိရောင်းချနေသည့် TMW Enterprise Ltd ၏ T-Home သင်္ကြန်မဏ္ဍပ်ကို ယခုနှစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း ဖူဆန်တရုတ်ဘုံကျောင်းရှေ့ အင်းလျားကန်ပေါင်၌ ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းသင်္ကြန်မဏ္ဍပ်၌ The Tree တေးဂီတအဖွဲ့၊ ကီးဘုတ် ကိုမြတ်မင်းတို့နှင့်အတူ ချစ်ကောင်း၊ မျိုးကျော့မြိုင်၊ ဖြိုးကြီး၊ ဇော်ပိုင်၊ ဖိုးကာ၊ ကောင်းဆက်၊ ပူစူး၊ Cobra ၊ သျှီ၊ ကြိုးကြာ၊ ရွှေထိုက်၊ ဇမ်နူး၊ သီရိ၊ ပြည့်ဖူးခိုင်နှင့် Uranium အကအဖွဲ့တို့က ပင်တိုင်ဖျော်ဖြေကြမည်ဖြစ်သည်။

T-Home သင်္ကြန်မဏ္ဍပ်၌ T-Home Product များကို ဝယ်ယူသုံးစွဲသူများအား ကြီးကျယ်ခမ်းနားသော ဖျော်ဖြေမှုရသများကို ခံစားရရှိစေချင်သည်။

T-Home မှ ထုတ်လုပ်သော Electronic ပစ္စည်းများမှာ CRT-TV ၊ LCD-TV၊ DVD Player ၊ DVD Micro Hifi ၊ Air Cooler ၊ Deep Freezer၊ Can Cooler နှင့် Water Dispancer တို့ဖြစ်သည်။

T-Home ပစ္စည်းများကို ဝယ်ယူလိုပါက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ်(၁၆၂-၁၆၄) ပန်းဆိုးတန်း(လယ်)ရှိ Wai Yan Electronic Centre ဖုန်း- ၂၅၄၅၆၁၊ ၂၅၄၅၆၂၊ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်-၃၅၂ လမ်း(၃၀)နှင့် (၈၂)လမ်းကြား အရှေ့အောင်နန်းရိပ်သာရှိ TMW Tower နှင့် မုံရွာ၊ မြစ်ကြီးနား၊ မော်လမြိုင်၊ ပြည်မြို့တို့ရှိ T-Home ဆိုင်များ၌ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် နေ့အပူချိန်များအနည်းငယ်တိုးလာနိုင်

ရန်ကုန် ဧပြီ ၉

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီ တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ရှမ်းပြည်နယ်တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ အောက် ၄ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဧပြီလ၏ပျမ်းမျှ အပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့နှင့်မင်းဘူး မြို့တို့တွင် ၄၁ဒီဂရီစင်တီဂရိတ်စီ တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကျိုင်းတုံမြို့တွင် ၁ဒသမ ၁၈လက်မနှင့် ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့တွင် သုည ဒသမ ၀၈ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ॥ ॥ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဧပြီ ၁၀ရက် ညနေထိ ခန့်မှန်းချက် ॥ ॥ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ॥ ॥ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၈ ဒသမ သုညဒီဂရီစင်တီဂရိတ် (၁၀၀ ဒီဂရီဖာရင်ဟိုက်) ၈-၄-၂၀၀၉

အနိမ့်ဆုံးအပူချိန်

၂၂ ဒသမ သုညဒီဂရီစင်တီဂရိတ် (၇၂ ဒီဂရီဖာရင်ဟိုက်) ၉-၄-၂၀၀၉

လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အပတ်စဉ် ၁၇၊၁၈နှင့် ၁၉တို့ ပူးပေါင်း၍ ဆရာကြီး၊ ဆရာမကြီးများအား မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် အမှတ်တရတွေ့ဆုံပွဲကို မေ ၂ရက် (စနေနေ့) ညနေ ၅နာရီတွင် လမ်းမတော်မြို့နယ် ဝါးတန်းလမ်း Panda Hotel ၌ ကျင်းပမည်ဖြစ်ရာ အထက်ဖော်ပြပါ အပတ်စဉ်များမှ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအားလုံး တက်ရောက်ပါရန်နှင့် မြတ်ဆရာပူဇော်ပွဲအတွက် လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးမောင်မောင်အောင် ဖုန်း-၀၉-၅၀၈၅၁၃၁၊ ၀၉-၉၉၂၂၅၇၂၊ ဦးရဲရင့်ဝင်း ဖုန်း-၀၉-၈၀၂၄၈၀၁၊ ဦးမိုးကျော် ဖုန်း- ၀၉-၅၁၅၄၅၇၄၊ ၂၀၁၇၉၈၊ ၂၉၆၁၆၄၊ ဦးမျိုးမင်းထွေး ဖုန်း-၀၉-၅၀၂၀၃၄၉၊ ၂၄၅၆၇၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

နေပြည်တော်မြန်မာ့အသံ



(သောကြာနေ့- နံနက်+နေ့လယ်+ည) (၁၀-၄-၂၀၀၉)

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၁၅	တရားတော်(ပုဗ္ဗဏှသုတ်)
၇း၃၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ
၈း၀၀	နံနက်ခင်းတေးပဒေသာ
၈း၁၀	စံတော်ချိန်+သတင်း
၈း၃၀	နံနက်ခင်းတေးပဒေသာ
၈း၃၅	ပြောပါရစေရှင် (လူငယ်နှင့်လက်ဆင့်ကမ်းအမွေ) တေးပဒေသာ
၉း၀၀	အစီအစဉ်ပြီး၏။
၁၀း၀၀	သောတရှင်လိုရာတေး
၁၀း၃၀	သတင်းစာအာဘော်
၁၀း၄၀	တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	လေလှိုင်းကြားကပွဲတင်သံ
၁၁း၄၅	နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀	စံတော်ချိန် (အလုပ်အကိုင်အခွင့်အလမ်း) နေ့လယ်ခင်းတေးပဒေသာ
၁၂း၃၀	သိမှတ်စရာ မြန်မာစကားမြန်မာစာ (မယဉ်ကျေး မဖွယ်ရာသော အသုံးအနှုန်းများ)
၁၂း၄၀	နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၂၀	ဆောင်းပါး (အသိစွမ်းအားရှင်)
၄း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၅း၀၀	တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	တေးပဒေသာ
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွှေးသီ တေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၆း၄၅	တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	ညချမ်းချိန်ခါတေးပဒေသာ
၇း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (ပင်လယ်ခြားတဲ့ပိတောက်)
၇း၄၅	တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၁၀	အနုအလှအစုံစုံသူ့ဘဝအဖုံဖုံ (လှအဠလီတင့်) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၉း၀၀	ဆောင်းပါး(ခြိုးခြံခြင်း) ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံပြင်ပ၌ မြေငလျင်လှုပ်

နေပြည်တော် ဧပြီ ၉

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂နာရီ ၄၄မိနစ် ၂၅စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ယွန်းယွန်း မိုင် ၇၃၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ ကပ္ပလီပင်လယ်ပြင် တစ်နေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၄ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာရရှိသည်ဟု သိရသည်။

(သတင်းစဉ်)

NLD ဌာနချုပ်သို့ မတ်လအတွင်း အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က (၂၃)ကြိမ်ဝင်ထွက်ခဲ့

ရန်ကုန် ဧပြီ ၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုသည် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံး၊ ဗြိတိန်သံရုံးတို့နှင့်အမြဲမပြတ်ဆက်သွယ်၍ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်လျက်ရှိသဖြင့် ၎င်းတို့၏ဆက်သွယ်ဆောင်ရွက်မှုကို ပြည်သူလူထုက ဝေဖန်လျက်ရှိပြီး မပြတ်ကြည့်ရှုသတိပြုနေကြသည်။

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့က ၂၀၀၉ ခုနှစ် မတ်လအတွင်း (၂၃)ကြိမ်ဝင်ထွက်မှုရှိခဲ့ကြောင်း၊ အဆိုပါသံရုံးများသည် NLD, CEC အဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ် ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စမ်းချောင်းမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၉

ရန်ကုန်မူးယစ်(အနောက်)အထူးအဖွဲ့မှ တာဝန်ရှိသူများသည် မတ် ၂၄ရက် မွန်းလွဲ ၁၂နာရီ ၄၅မိနစ်ခန့်တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းကားမှတ်တိုင်၌ ကိုမျိုး (ခ)မျိုးကြည်အား ရှာဖွေရာ ၎င်းကိုင်ဆောင်ထားသည့် ကြွပ်ကြွပ်အိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၇ပြားကို သိမ်းဆည်းရမိခဲ့ကြောင်း၊ မျိုးကြည်အား စစ်ကြောချက်အရ တိုက်ကြီးမြို့နယ် အိုးတန်းရပ်ကွက် ရွှေကံ့ကော်လက်ဖက်ရည်ဆိုင်၌ စောင့်ဆိုင်းနေစဉ် မသီဂီနှင့် မောင်တိုက်အောင်တို့ ရောက်ရှိလာသဖြင့် ရှာဖွေရာ မသီဂီကိုင်ဆောင်ထားသည့် ကြွပ်ကြွပ်အိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၃၀ကိုထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ အဆိုပါ တရားခံများအား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထန်းတပင်မြို့နယ်၌သောင်းကျန်းသူများ ထောင်ထားသော နင်းမိုင်းတစ်လုံးပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၉

ပဲခူးတိုင်း ထန်းတပင်မြို့နယ် သစ်ချဆိပ်ကျေးရွာနေ ဦးစောမောင်မြင့်သည် မတ် ၂၄ရက်ညနေ ၄နာရီခွဲခန့်တွင် သံတောင်မြို့နယ် ဆင်လမ်းတောင်တောအတွင်း ဝါးခုတ်ရန်သွားရောက်စဉ် သောင်းကျန်းသူများထောင်ထားသော နင်းမိုင်းတစ်လုံး နင်းမိပေါက်ကွဲပြီး ဝဲခြေကျင်း၊ ဝဲတံတောင်ဆစ်နှင့် ဝဲပေါင်တို့တွင် မိုင်းစထိမှန်ဒဏ်ရာ(မစိုးရိမ်) ရရှိခဲ့သဖြင့် ဇရပ်ကြီးဆေးရုံသို့ တက်ရောက် ကုသလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး	✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရောင်းပန်းပွင့်၍ ဝယ်ပန်းတင့်သော ယနေ့ကာလ ပြည်သူများ ကိုယ်စိတ်နလုံးရွှင်ပြုံး၍ အလှူဒါနပြုနိုင်ကြ

သတင်းနှင့်ဓာတ်ပုံ
တင်ဝင်းလေး
(ကြည့်မြင်တိုင်)

မဟာသင်္ကြန်ကို ကြိုဆိုနေသော သီချင်းသံတို့က ဟိုမှ ဒီမှ တစ်စတစ်စနှင့် မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ် နေပြီဖြစ်သည်။ သင်္ကြန်၏အထိမ်းအမှတ် ပန်းပိတောက်ဖူး တို့ကလည်း ပင်လုံးကျွတ်ပွင့်ရန် သင်္ကြန်မိုးကို စောင့်ကြိုနေကြပြီ။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

ကြည့်မြင်တိုင် ထီးတန်းဈေးကြီးတွင် လည်း ရောင်းသူ၊ ဝယ်သူတို့ဖြင့် စည်စည်ကားကား ရှိနေသည်ကို ဤသို့ တွေ့ခဲ့ရသည်။



ဟာရီကိန်းမုန်တိုင်း ဘေးအန္တရာယ် ဂြိုဟ်တုနည်းပညာဖြင့် ဖော်ထုတ်မည်

ဘာသာပြန်
(သတင်းလုလင်)

ကိပ်ကနေဗာရယ်လ် (ဖလော်ရီဒါ) ဧပြီ ၉

ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မည့် အခြေအနေကို အတိအကျ ဟောကိန်းထုတ်နိုင်ရန် နောက်ဆုံးပေါ် နည်းပညာသုံး ဂြိုဟ်တုတစ်လုံးကို လွှတ်တင်ရန် အမေရိကန်သိပ္ပံပညာရှင်များ ပြင်ဆင်လျက်ရှိကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

သဘာဝ ပတ်ဝန်းကျင် လေ့လာစောင့်ကြည့်ရေး ဂြိုဟ်တုဖြစ်သော GOES-O အမည်ရှိ ဂြိုဟ်တုကို အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ ကိပ်ကနေဗာရယ်လ် အာကာသ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ■

နှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

ရန်ကုန် ဧပြီ ၉

မြန်မာ့နှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည်ဖြစ်သည်။

ဧပြီ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာ နားမည်ဖြစ်သည်။

ဧပြီ ၂၂ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ရတနာပုံ F.C ဘောလုံးအသင်းတွင် ပါဝင်ကစားကြမည့် ပြည်ပကစားသမားငါးဦး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြစဉ်။ (သတင်း-၃)
(သတင်းစဉ်)

နက္ခတ်တာရာပြခန်း(နေပြည်တော်) ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိ ခေတ္တပိတ်ထားမည် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ကို ပိတ်ရက်မရှိ နေ့စဉ်ဖွင့်လှစ်ထားရှိမည်

နေပြည်တော် ဧပြီ ၉

နေပြည်တော်၌ သစ်တောရေးရာဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသော နက္ခတ်တာရာပြခန်း(နေပြည်တော်)ကို ဧပြီ ၁ ရက်မှ စတင်၍ တနင်္လာနေ့မှအပ နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားရှိရာ နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိ ပြခန်းကို ခေတ္တပိတ်ထားမည်ဖြစ်ပြီး ဧပြီ ၁၇ ရက်မှစ၍ ပုံမှန်အတိုင်း ဆက်လက်ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

သို့ရာတွင် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ကို အများပြည်သူများ အေးချမ်းပျော်ရွှင်စွာ အနားယူ အပန်းဖြေနိုင်ရန် နှစ်သစ်ကူးရုံးပိတ်ရက်များတွင် ပိတ်ရက်မရှိ နေ့စဉ်ပုံမှန် ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြို့ရွာတစ်ခွင် သာစေချင်
မီးတွင် မပေါ့နှင့်